


# မိုးကျော့

# ငြိုးမာန်လျော့မြေ

ဒုတိယအကြိမ်

# အခန်း(၁)

ဤယနေ့ နံနက်ထမှာ နွေဦး၏ လေရူးကို မြသက်စောက မှတ်မှတ်ရ ရ သတိပြုမိသည် ။ ဧကေ နှစ်ဆယ်ကျော်ရှိသော ခြံထဲမှ အုန်းပင်အားလုံး သည် လေရူးနှင့်အတူမြူးကာ လှုပ်ရှားနေကြသည် ။ လေရူးသည် ဂူးခနဲ ဝေါခနဲ အုန်းတောထဲ ပြေးဝှေ့လျက်ရှိ၏။ နွေဦးပန်းများ ၏ သင်းပျံ့ပျံ့ရ နံ့တို့ သည် ပတ်ဝန်းကျင်တွင် ထုံသင်းမွှေးကြိုင်နေကြသည် ။

မြသက်စော၏ စိတ်သည် အုန်းပင်အုန်းလက်များ နှယ် ယိမ်းကလှုပ် ရှားလျက် ရှိသည် ။ အမှန်မှာ ဤနံနက်မှ မဟုတ် မနေ့ညနေ ကိုလှသာ ထွန်း၏ စကားကို ကြားခဲ့ရစဉ်ကပင် ဖြစ်သည် ။

ကိုလှသာထွန်း၏ စကားသည် မြသက်စော၏ ရင်ထဲမှာ တစ်ညလုံး လှုပ်ခတ်ခဲ့ပြီတည်း။

"မြသက်စော ဟိုနေ့က နင့်ကို တို့ အပျိုဖော်သွင်းလိုက်ကြပြီ၊ အဲဒါ ကာလသားခေါင်းက အပြောခိုင်းလို့ ငါလာပြောတာ၊ ဦးလေးတို့ ကိုလ ည်း ငါပြောထားခဲ့ပြီးပြီ၊ အဲဒါ မနက်ဖြန်မနက် ဦးဘမှူးတို့ ရှင်ပြုအလှူ မှာ နင် ရှင်လောင်းလှည့်ဖို့ လိုက်ရမယ်"

ကိုလှသာထွန်းသည် ဤစကားကို အုန်းခြံထဲလိုက် လာပြီး ပြော၏။

မြသက်စောတို့ ဆီဦ ရပ်ဓလေ့ ရွာဓလေ့တစ်ခုမှာ အချိန်အရွယ်ရော

က်လာသော လုလင်ပျို လုံမပျိုများကို ရှင်ပြုပဉ္စင်းခံ ကထိန်အလှူပွဲတို့တွင် အပျိုလူပျိုအဖြစ် သတ်မှတ်တင်မြှောက်လေ့ ရှိကြသည် ။ အပျိုစာရင်းသွင်းခံရသော မိန်းကလေးတစ်ယောက်သည် ဆရာကန်တော့ပွဲ၊ ရှင်ပြု ရဟန်းခံပွဲ၊ ဘုရားရေသပ္ပာယ်ပွဲတို့ တွင် အမြဲပါဝင်ရ၏။ ပြီး အပျိုကြေးလည်း ပေးရသည် ။ လူပျို စာရင်းသွင်းခံရသော လုလင်ပျိုသည် လည်း ထိုနည်းငင်းပင်။

အပျိုလူပျိုတို့ ၏ တာဝန်မှာ ရဟန်းခံရှင်ပြုပွဲများ ၌ ရေခပ်ပေးခြင်း၊ ဘုရားရေသပ္ပာယ်ပွဲ၊ နံ့သာသွေးပွဲတို့ တွင် ပါဝင်ရခြင်း၊ တစ်နှစ်တစ်ခါ ဆရာကန်တော့ပွဲတွင် အပျိုကြေး လူပျိုကြေး ထည့်ဝင်၍ ဘုန်းတော်ကြီး၏ ဝေယျာဝစ္စ ကျောင်း၌ အသုံးအဆောင်များကို လှူဒါန်းရခြင်းတို့ ပင် ဖြစ်သည် ။

များ သောအားဖြင့် အပျိုကြေး လူပျိုကြေးမှာ တစ်နှစ်တစ်ခါ ကောက်ခံသည် ထက် ရှင်ပြု ရဟန်းခံမှ ရေကူခပ်ပေး၍ အလှူရှင်က ပေးသောငွေနှင့် ရွာရှိ အပျိုလူပျိုများ အိမ်ထောင်ကျကြ၍ ရွာဝင်ခ(ခဲဖိုး)ရငွေများကို စုထားပြီး တစ်နှစ်တစ်ခါ ဆရာကန်တော့ကြခြင်း ဖြစ်သည် ။

သူတို့ မင်းတောင်ရွာသည် အိမ်ခြေ ၄၀၀ ကျော်ရှိသော ရွာကြီးဖြစ်သဖြင့် ရဟန်းခံရှင်ပြုမှ ရငွေနှင့် ရွာဝင်ခ(ခဲဖိုး) ရငွေမှာ တစ်နှစ်တစ်နှစ်လျှင် တစ်ရာကျော် နှစ်ရာကျော် ရှိတတ်သည် ။

ထို့ကြောင့် အပျိုလူပျိုများမှာ အပျိုကြေးလူပျိုကြေး ပေးရသောနှစ်က သိပ်မရှိပေ။ ရွာမှာ အလှူအတန်းနည်းပါး၍ လင်ယူ မိန်းမရ မရှိကြသောနှစ်ကျမှ ဆရာကန်တော့ခါနီး တစ်ယောက် တစ်ကျပ် နှစ်ကျပ် လူပျိုအုပ် ကာလသားခေါင်းတို့ က လိုက်ကောက်လေ့ရှိလေသည် ။

အမှန်က မြသက်စောအား မင်းတောင်ရွာရှိ လူပျိုအုပ် ကာလသား

ခေါင်းတို့ က အပျိုစာရင်း သွင်းလိုက်ကြသော်လည်း အသက်အရွယ် အားဖြင့်တော့ ငယ်သေးသည် ။ မြသက်စော၏ အသက် သည် ယခုမှ ဆ ယ့်ခြောက်နှစ်ပင် မပြည့်သေးပေ။

သို့သော် မြသက်စော၏ အထက်တွင် အစ်မကြီး အစ်မလတ် စသည် တစ်ဦးမျှမရှိသဖြင့် မြသက်စောအား ယခုလို အပျိုစာရင်း စောစောသွင်း လိုက်ကြခြင်းဖြစ်သည် ။

အကယ်၍ မြသက်စောတွင် အစ်မအပျိုတစ်ယောက်ယောက် ရှိနေ လျှင်တော့ ထိုအစ်မ အိမ်ထောင်မကျမချင်း မြသက်စောကို အပျိုဟု ရွာ ရှိကာလသားခေါင်းနှင့် လူပျိုအုပ်တို့ က အသိအမှတ်ပြုကြမည် မဟုတ် သေးပေ။ အချို့ဆိုလျှင် အပျိုကြေး သို့မဟုတ် အပျိုတွေနှင့်ရောနှော ပြီး ရှင်ပြုပဒ္ဒင်းခံအလှူများ တွင် တစ်ခါမျှ မပါဝင်ဖူးဘဲနှင့် အိမ်ထောင်ကျ သွားတတ်ကြသည် လည်း ရှိလေသည် ။

ဤသည် ကို အပျိုမလုပ်လိုက်ရဘဲနှင့် သို့မဟုတ် အစ်မကြီး အိမ် ထောင်မကျခင် ညီမက ယောက်ျားယူသွားသည် ကို "မီးကျော်"သည် ဟု ရပ်ခလေ့ ရွာခလေ့အရ အဆိုပြုကြသည် ။ ညီမသာ စွံသွားပြီး အစ်မက မစွံနိုင်လျှင် မာနကြီး၍ လား၊ နှုတ်အာကြမ်း၍ လား၊ ရှုးပေါပေါမို့လား၊ နာမည် ပျက်ရှိ၍ လား၊ အရုပ်ဆိုးအကျည်းတန်၍ လားဟု "မီးကျော်မ" ကို တခြား တစ်ရွာတစ်ကျေးက ကာလသားတို့ က စုံစမ်းခြင်းကို ခံရသ ည် ။

သို့ဆိုလျှင် ညီမစွံသွား၍ မှ မစွံသေးသော မချောမှာ အရှက်ရဖွယ်ဖြ စ်တတ်သည် ။ မျက်နှာငယ် ရသည် ။

မြသက်စော၏ အစ်ကို ကျော်သူရကိုတော့ လူပျိုဟု သတ်မှတ်ထားခဲ့ကြသည် မှာ လည်း ကျော်သူရ ဆယ်နှစ်ကျော်ကတည်း

ကပင် ဖြစ်သည် ။ ကျော်သူရတွင် သူ့ထက် အစ်ကိုကြီးမရှိသလို အသက်ရှည်ရာ အနာမဲ့ကြောင်းဟူသော သဘောနှင့် စောစောလူပျိုကြေး ပေးထားခြင်းဖြစ်သည် ။

ဤသည် မှာ လည်း ငယ်စဉ်က ချူချာသော သားသမီးများကို မိဘများက ယတြာချေခြင်း သဘောမျိုးဖြင့် လူပျိုမဖြစ်ခင်ကပင် လူပျိုကလေး စာရင်းသွင်းထားကြခြင်း ဖြစ်သည် ။

ထိုလူပျိုကြေးပေးထားသော လူပျိုကလေးမှာ အရွယ်ရောက်သည် ဖြစ်စေ၊ မရောက်သည် ဖြစ်စေ ဘယ်အပျို အိမ်အောက်မဆို ဝင်နိုင်ထွက်နိုင်၊ ညအခါ၌ အပေါက်နှိုက် လူပျိုလှည့်နိုင်လေ သည် ။ လူပျိုကြေးမပေးရသေးဘဲ လူပျိုဟု သတ်မှတ်ခြင်း မခံရသေးသူများမှာ မူ အပျိုအောက်ဝင်ပြီး လူပျိုမလှည့်ရပေ။ အချို့ အစ်ကိုလူပျိုကြီးများ ရှိသော ညီများ ဆိုလျှင် အသက် (၁၈-၁၉)ရှိ၍ ပင် လူပျို ဖော်မဝင်ရသေးဘဲ မိမိချစ်သူဆီ သွားရာတွင် လူပျိုများ နှင့်တွေ့မှာ စိုး၍ ခိုးကြောင်ခိုးဝှက်သာ သွားရလေသည် ။

မင်းတဲရွာ အနောက်ပိုင်းက ဦးဘမှူးတို့ အလှူသို့ အပျိုတစ်ယောက်အဖြစ် လူပျို အပျိုများ နှင့် ရှင်လောင်းလှည့်လိုက်ရမည့် မြသက်စောသည် မနက်အစောကြီးကပင် အိပ်ရာမှ နိုးထနေသည် ။ သူသည် ရှင်ပြုပွဲ ရှင်လောင်းလှည့်ပွဲ လိုက်ရမည့်အတွက် ပျော်နေ၏။

မြသက်စောသည် နေ့စဉ် နံနက်ထတိုင်း ပြုလုပ်နေကျဖြစ်သော ပါပါ(အဖေ) ဦးကျော်စံ အတွက် မျက်နှာသစ်ရေ၊ မျက်နှာသုတ်ပဝါ စသည် တို့ ကို အိမ်ရှေ့ဝရန်တာရှိ ခုံပေါ်တန်းပေါ်တွင် ခါတိုင်းနေ့ကဲ့သို့ပင် ဝတ္တရားမပျက် အသင့်ပြင်ထားခဲ့သည် ။ ပြီး မိမိအခန်းထဲဝင်ကာ ကိုယ်သုတ်ပဝါ နှင့် လုံချည်တစ်ထည်ကိုယူကာ ထဘီရင်ရှားနှင့် ခြေတံရှည်

အိမ်ပေါ်က ဆင်းလာသည် ။

အိမ်ကြီးအနောက်ဆောင် ဆီကြိုတ်ဆုံနှင့် တစ်ဆက်တည်းရှိသော မီးဖိုချောင်မှ မီးခိုးတလူလူ ထွက်နေသည် ကို မြင်ရသဖြင့် အရီးချေ(ဒေါ်လေး) ဒေါ်ဖြူနုမလည်း နိုးနေပြီဆိုသည် ကို မြသက်စော က သတိပြုမိ၏။ မြသက်စောသည် မီးဖိုချောင်ဘေး မြေပြင်မှ ခဲတစ်လုံးကိုကောက်ကာ အရီးချေ (ဒေါ်လေး)ရှိသော မီးဖိုသွပ်ပြားနံရံကို ပစ်ပေါက်လိုက်သည် ။

"ဟိုက်. . .ပလုတ်တုတ်"

"ဟား. . .ဟား. . .ဟား"

"ကြည့်စမ်း ခွေးဆိုးမ၊ ငါက နင့်မင်းမင်းချေ ရှဉ့်ပစ်လို့ ထိတာလားတောင် ထင်မိတာ"

မီးဖိုဘေး ပြတင်းပေါက်မှ ခေါင်းပြူထွက်ကြည့်နေသော ဒေါ်ဖြူနုမက မြသက်စောကို မြင်သဖြင့် ဆို၏။ ခွေးဆိုးမမှာ အရီးချေက မြသက်စောကို ချစ်စနိုးခေါ်သော အမည်ဖြစ်သည် ။ မင်းမင်းချေ (ဦးလေး) ဘမောင်မှာ အရီးချေ (ဒေါ်လေး) ဖြူနုမ၏ ခင်ပွန်းဖြစ်သည် ။ အရီးချေ (ဒေါ်လေး)မှာ မြသက်စော၏ ပါပါ(အဖေ) ဦးကျော်စံ၏ ညီမဝမ်းကွဲဖြစ်သည် ။

ရခိုင်မှာ က အဖေ၏ ညီမကို အရီးချေဟု ခေါ်ပြီး အဖေ၏ အစ်မကြီးကို အရှင်ကြီးဟု ခေါ်ရ သည် ။ အမှန်ကတော့ ဒေါ်ကြီး၊ ဒေါ်လေးပင်တည်း။

အဖေ၏ ညီမ ယောက်ျားကို မင်းမင်းချေ ဟု ခေါ်ပြီး အဖေ၏ အစ်မယောက်ျားကို မင်းမင်းကြီး ဟု ခေါ်ရသည် ။ သဘောက ဦးကြီး၊ ဦးလေး

ပင်။

အရီးချေ ဒေါ်ဖြူနုမနှင့် မင်းမင်းချေ ဦးဘမောင်တို့ မှာ မြသက်စော အမေ အဖေ မခေါ်တတ် ခင်၊ မသိတတ်ခင်ကပင်၊ သို့မဟုတ် မိမှန်းဖမှန်း မသိတတ်ခင် ကလေးဘဝကပင် မြသက်စောတို့ အိမ် တွင် အဖေနှင့် စီးပွားဖက် အတူနေ အတူလုပ် အတူစားဖြစ်သည် ။ အရီးချေ နှင့် မင်းမင်းချေတို့ မှာ သားသမီး မထွန်းကားသဖြင့် မြသက်စောကို သ မီးရင်းပမာ ချစ်ရှာကြသည် ။

"စောစောစီးစီး ခွေးဆိုးမက ရေချိုးတော့မလို့ လား"

လုံချည်အပိုတစ်ထည်နှင့် ကိုယ်သုတ်ပဝါကို ပိုက်ထားသော မြသက် စောက အရီးချေကို မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့နှင့်ကြည့်၍ ပုတ်သင်ညို ခေါင်း ညိတ်လုပ်ပြလိုက်၏။

"ဟဲ့. . .အုန်းသီးကောက်ပြီးမှ ရေချိုးပါလား၊ မနေ့က အုန်းတက်သ မားတွေ ခုတ်ချထားခဲ့တဲ့ အုန်းသီးတွေက နည်းတာမှ မဟုတ်တာ"

"အိုး. . .အရီးချေကလည်း ဘယ်က အုန်းသီးကောက်နိုင်မှာ လဲ၊ ဒီမ နက် မချေက ရှင်ပြုပွဲမှာ ရှင်းလောင်းလှည့်လိုက်ရမှာ ၊ ကောက်နိုင်ပါ ဘူး"

မချေမှာ မြသက်စောအား သူ့ပါပါ(အဖေ)က ချစ်စနိုးခေါ်သောနာမ ည်ဖြစ်သည် ။ ရခိုင်က မိဘများ သည် သမီးငယ်များအား ချစ်စနိုးခေါ် ရာတွင် မချေ၊ ပုချေ၊ မမဟု ခေါ်တတ်သလို၊ သား ယောကျာ်းလေးများ ကိုလည်း မောင်မောင်၊ မောင်ချေ၊ လူစိကေ(လူကလေး) စသည် ဖြင့် ခေါ်တတ် ကြသည် ။

မြသက်စောမှာ စကားပြောလျှင် သူ့ပါပါခေါ်သလု သူ့ကိုယ်သူ မချေ.

. .မချေ ဟု ပြောတတ် ၏။

"ဟုတ်လား၊ ဒီလိုဆို မချေက အပျိုကြီးဖြစ်ပြီပေါ့၊ မချေကို အပျိုစာရင်းသွင်းလိုက်ကြပြီပေါ့၊ ဘယ်တုန်းက အပျိုစာရင်းသွင်းကြပါလိမ့်"

သူ့တူမချောအား ရွာရှိလူတွေက အပျိုဟု သတ်မှတ်လိုက်ကြသည်ကို ဒေါ်ဖြူနုမကလည်း ဝမ်းသာအယ်လဲဖြစ်သွားပုံရသည် ။

"မနေ့ကပဲ အရီးချေရယ်၊ ကိုလှသာထွန်းကြီး လာပြောတာလေ၊ ကာလသားခေါင်းက အကြောင်းကြားခိုင်းလို့ တဲ့ ၊ ပြီး. . .ဒီမနက် ဦးဘမှူးတို့ အလှူမှာ မဖြစ်မနေ ရှင်လောင်းလှည့်လိုက်ရ မယ်တဲ့ "

"ရှင်လောင်းလှည့်တင်လား မချေရယ်၊ ကွမ်းတောင်ပန်းတောင်ကော မကိုင်ရသေးဘူးတဲ့ လား၊ ဒီရွာမှာ ဆို မချေက အလှဆုံးဖြစ်ရမယ် ၊ ဒီနှစ်ကွမ်းတောင် ပန်းတောင် မကိုင်ရတောင် နောက်နှစ်တွေမှာ မချေ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်ရမှာ အမှန်ပဲ"

"ကွမ်းတောင် ပန်းတောင်လည်း မချေ မကိုင်ချင်ပါဘူး၊ လူတွေဝိုင်းကြည့်ကြတာ ရှက်ပါ တယ်၊ ကွမ်းတောင် ပန်းတောင်ကိုင်ဆိုရင် ကာလနာ. . .အဲ ကာလသားတွေကလည်း အားကြီး ငမ်းကြတာပဲတဲ့ အရီးချေရယ်"

"အို. . .ဘာလို့ မကိုင်ချင်ရတာလဲ၊ ကွမ်းတောင် ပန်းတောင်ကိုင်ရတယ်ဆိုတာ နှယ်နှယ်ရရ ဂုဏ်ရှိတယ်မှတ်လား၊ အရီးချေတို့ ခေတ်တုန်းကဆိုရင် အချို့များ ကွမ်းတောင် ပန်းတောင်ကိုင်ဆိုတဲ့ နာမည်တစ်လုံးကို ချစ်လွန်းလို့ သူ့ထက်လှ သူ့ထက်ချော လက်ရှိ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် အပျိုမ ယောက်ျားရတဲ့ ထိစောင့်ပြီး ကိုယ်ကတော့ ကိုယ့်ရည်းစားဦးက လက်ထပ်ပါရစေပြောတာ တောင် ကွမ်းတောင် ပန်းတောင် ကိုင်ရပြီးမှ လက်ထပ်မယ်ဆိုပြီး ဖွဲကြီးကြီးနဲ့ အပျိုလုပ်စောင့်ရတာ၊

လက်ရှိ ကွမ်းတောင် ပန်းတောင်ကိုင် အပျိုမကလည်း လင်မရနိုင်တော့ ကွမ်းတောင် ပန်းတောင် ကိုင်ဖို့ စောင့်ရတဲ့ ဒုတိယအပျိုမှာ ရည်းစားဦး နဲ့ တောင် ကွဲရသတဲ့ "

"သူ့ရည်းစားဦးနဲ့ ကွဲရတယ်"

မြသက်စော မျက်လုံးပြူး၍ မေး၏။

"ဟုတ်တယ်လေ၊ ဟိုကမစောင့်နိုင်တော့ နောက်တစ်ယောက် ယူသွားတာပေါ့"

"ကွမ်းတောင် ပန်းတောင် မကိုင်ရရင်လည်း နေပါစေ အရီးချေရယ်၊ မချေတို့ ကတော့ ကိုယ့်ရည်းစားဦးနဲ့ အကွဲမခံနိုင်ပါဘူး"

"ဟယ်. . .မချေမှာ ရည်းစားရှိနေလို့ လား"

ဤတစ်ခါ မျက်လုံးပြူးပြီး မေးသူမှာ ဒေါ်ဖြူနုမပင်။

"အို. . .အရီးချေကလည်း မချေမှာ ဘယ်ကလာ ရည်းစားရှိရမှာ လဲ၊ ဥပမာပြောတာပါ"

"သိပါဘူးအေ၊ နင်တို့ ခေတ်ကာလ မိန်းကလေးတွေက ယုံရတာမှ မ ဟုတ်တာ၊ အရှေ့ပိုင်းက ကိုရင်ထွန်းဖြူရဲ့ သမီး ဘယ်သူပါလိမ့်. . .။ ဒီ ကလေးမနာမည်. . ."

"မဝေဦးလား"

"အေး. . .အေး. . .ဟုတ်တယ် ဟုတ်တယ်၊ အပျိုဖော်တောင် မဝင်ရ သေးဘဲနဲ့ လင်နောက် လိုက်ပြေးတယ်တဲ့ ၊ သိပ်မိုက်တာ၊ သူ့အမေခမျာ အရီးချေကိုတွေ့တိုင်း ငိုလိုက်ရတာအမော"

"မချေ မမိုက်ပါဘူး အရီးချေရယ်၊ မချေမှာ ရည်းစားလည်း မရှိဘူး၊

ချစ်သူလည်း မရှိဘူး၊ မချေချစ်သူက အရီးချေရယ်၊ မင်းမင်းချေရယ်၊ ပါပါရယ်၊ ဂိုးဂိုရယ်"

"ဟဲ့. . .နင့်ဂိုးဂိုဆိုလို့ ကျော်သူရ ညက အိမ်မပြန်ဘူးနဲ့ တူတယ် ဟုတ်လား"

"ဟုတ်တယ် အရီးချေ၊ ညက ဂိုးဂို(ကိုကို) အိမ်မပြန်ဘူး"

ဂိုးဂိုဆိုသည် မှာ မြသက်စောဏ် အစ်ကို ကျော်သူရကို ပြောခြင်းဖြစ်သည်။

ကိုကိုဟူသော အသံထွက်ဖြစ်သည်။

"ကဲကဲ. . . မမချေ. . .ရေသွားချိုးချေ၊ ထဘီရင်ရှားနဲ့ နေတာ နင့်ပါပါက ကြိုက်တာမဟုတ် ဘူး၊ အလှူသွားရင် ရွာမှာ ဣန္ဒြေရရ လိမ်လိမ်မာမာနေနော်၊ ကိုယ်က ဒီနှစ်မှ အပျိုဖော်ဝင်ရတာ၊ 'အပျိုဝင်စ အရှက်ရ'ဆိုတာ စကားပုံတောင်ရှိတယ် ကြားလား"

"ဟွန်း. . .အရီးချေကလည်း နိမိတ်မရှိ၊ နမာမရှိ ဘာလို့ အရှက်ရမှာလဲ"

မြသက်စောက သူဏ် နှင်းဆီဖူးလွှာ နီတာတာနှုတ်ခမ်းကို ချွန်နေအောင် စူပစ်လိုက်သည်။

"အရှက်ရတာက ဒီကနေ့မှ အပျိုဝင်စဆိုတော့ ကာလသားတွေရှေ့ မနေတတ် မထိုင်တတ် ဖြစ်ပြီး ကိုယ့်ထဘီစကိုယ် နင်းမိလိုနင်းမိနဲ့ ထဘီကျွတ် အင်္ကျီကျွတ် ရှိုးတိုးရှန့်တန့်ဖြစ်လို့ ပေါ့အေ၊ ခုတောင်ကြည့်ပါလား ခြေတကွကွဖြစ်နေတာ"

"ဟင်း. . .မကောင်းဘူး၊ မကောင်းဘူး. . .အရီးချေက မကောင်းဘူး"

အရွယ်ရင့် အတွေ့အကြုံရင့် အရီးချောက ချက်ကျကျ ပိုင်ပိုင်နိုင်နိုင်ပြောသည် ကို အရွယ် ရောက်စ ဆီးယောက်မမှာ ပြန်လည် မချေပတတ်သဖြင့် ရှက်ရှက်နှင့် ရေတွင်းရှိရာ အိမ်နောက်ဘက် အုန်းခြံ ထဲသို့သာ အပြေးကလေး လျှောက်လာ၏။ မြသက်စောသည် ရေတွင်းနှ င့် အတော်လှမ်းသော ရေချိုးရုံထဲဝင်ပြီး စဉ့်အိုးကြီးထဲ ရေရှိ မရှိ ကြည့် ၏။ စဉ့်အိုးထဲ ရေမရှိသောအခါ ရေတွင်းနား လာပြီး ရေငင်ရသည် ။ တွ င်းထဲကရေကို ကြသောင်းဝါး ရေတံလျှောက်ငယ်သို့ လောင်းထည့်လိုက် ၏။ မြသက်စော လောင်းထည့်လိုက်သောရေနှင့်အတူ ညက ကြသောင်း ဝါး ရေတံလျှောက်ပေါ် ကြွေကျ နေကြသော ခရေပွင့်တွေမှာ ရေနှင့်အ တူ ရေတံလျှောက်အတိုင်း မျောပါသွားကြသည် ။ ရေတွင်းနှင့် ရေချိုးရုံ မှာ ပေတစ်ရာကျော်ဝေးသည် ။ ရေတံလျှောက်ပေါ်တွင် ခရေပင်ကြီးနှစ် ပင် ရှိသဖြင့် အမြဲ ကြွေကျနေသော ခရေပွင့်များ သည် ရေတံလျှောက် ပေါ် နံနက်တိုင်း ကြွေတင်၍ တွေ့သည် ။

တစ်ခါတစ်ခါ မြသက်စောက ခရေပွင့်ကောက်သီလျှင် မြေပြင်က ခ ရေပွင့်ကို မကောက် ရေတံလျှောက်ထဲက ရေစီးနှင့်မျောပါလာသော ခ ရေပွင့်များကို ရေချိုးရုံ ရာဝင်အိုးထဲက စောင့်ဖမ်း သီကုံးယူတတ်သည် ။ ရေချိုးရုံနားတွင် စံပယ်နှင့် ပန်းစိမ်း၊ ဇီဇဝါ၊ နှင်းဆီ၊ ကရမက်ပင်များ ရှိ သည် ။ မြသက်စောသည် ရေချိုးခါနီးတိုင်း ရေချိုးရုံနားက ပန်းခြံထဲဝင်ပြီး ပန်းရန်ပန်းကို ရွေးခူးထားတတ် သည် ။ ပန်းရုံတောကို ရေလောင်းတတ်သည် ။ မြသက်စော ပန်းရုံနားရောက်လာသောအခါ သူ့ထက် စောစွာ ဦးနိုးနေကြသော ပန်းရုံထဲမှ ငှက်ကလေးများ နှင့် အုန်းပင်များ ပေါ်မှ အသိုက်ရှည်ဆွဲနေကြ သော စာကလေးများ သည် ကျည်ကျည်ကျာကျာ စီညံ၍ ခြံပိုင်ရှင် သခင်မလေး မြသက်စောကို မင် ္ဂလာနံနက်ထအတွက် နှုတ်ခွန်းဆက်ကြသည် ။ ကျောက်အုတ်ဖြင့် ပြုလု

ပ်ထားသော ရေတွင်းနား တစ်ဝိုက်တွင် မည်သည့်အပင် စိုက်သည် ကိုမှ ပါပါကမကြိုက်ပေ။ ရေတွင်းထဲ ရွက်ခြောက်တွေ ကျလျှင် ရေမသန့်ဟု ဆိုသည် ။ ထို့ကြောင့် အရွက်မကြွေတတ်သော အုန်းပင်များကလွဲလျှင် ရေတွင်း နားတွင် ဘာအပင်မျှမရှိပေ။ ရေတွင်းနှင့် ရေချိုးရုံကို ဝေးဝေး ထားခြင်းမှာ လည်း ပါပါသဘောပင်။

ကေနှစ်ဆယ်ကျော်ရှိသော မြသက်စောတို့ အုန်းခြံကြီးတစ်ခုလုံးသ ည် သလဲမြေပွ ပင်လယ် ကမ်းခြေက သဲအတိုင်းဖြစ်လေရာ ချိုးပြီးရေများ နီးလျှင် ရေတွင်းထဲပြန်ဝင်သည် ဟု ပါပါက ယူဆ ၍ လား မသိပေ။ နောက် ထဘီရင်ရှား ထဘီရေစိုနှင့် ရေငင်သည် ကိုလည်း ပါပါက မကြိုက်ပေ။ ရေမချိုးမီ အဝတ်မလျှော်မီ ချိုးရေလျှော် ရေကို ရေချိုးရုံထဲရှိရာ ရာဝင်အိုးကြီးများ ထဲ လုံလုံလောက် လောက် ဖြ ည့်ထည့်ပြီးမှ ရေချိုးရ အဝတ်လျှော်ရသည် ။ လျှော်ရင်း ချိုးရင်းတန်းလ န်းနှင့် ရေမလောက်၍ ရေတွင်းထဲ ထဘီရေစိုနှင့် ရေလာငင်သည် ကိုမြ င်လျှင်တော့ မည်သူမျှ သက်သာမည် မဟုတ်ပေ။ ရေတွင်းထဲက မောင်း လက်တံနှင့် ရေငင်ဆွဲခဲ့ရသော မြသက်စောသည် ငယ်ငယ်ကဆို လျှင် ပါပါဆီ၌ ခဏခဏ အဆူခံထိရသည် ။

ရေချိုးရုံထဲတွင် ဆပ်ပြာခွက်၊ သွားတိုက်တံ၊ သွားတိုက်ဆေးဘူးတွေ ထည့်ရန် သစ်သားအိမ် ကလေးတွေ လုပ်ပေးထားသည် ။ မိုးလကလွဲလျှ င် ဆောင်းနှင့်နွေတို့ တွင် ပါပါကလွဲပြီး အိမ်ပေါ်၌ မည်သူမျှ မျက်နှာမသ စ်ရ။ ရေချိုးရုံသွား၍ မျက်နှာသစ်ရေချိုးရသည် ။ ပန်းခြံနားရှိ ရေချိုးရုံ တွင် လည်း ဂိုးဂိုနှင့် ပါပါ၊ မင်မင်းချေတို့ ရေချိုးရုံနှင့် မြသက်စော အရီး ချေတို့ ရေချိုးရုံကို သီးခြား ခွဲထားပေးသည် ။ ရေချိုးရုံအားလုံးကို သွပ်ပြားတွေနှင့် လူတစ်ရပ်ကျော်အမြင့် ကာထားပေးသည် ။

မြသက်စောသည် ချုံးရေ လုံလောက်ရုံသာငင်ပြီး ရေချိုးရုံဘက်သို့ လျှောက်လာသည် ။ ဘယ်အချိန်ကပင်ထပြီး အုန်းသီးသွားကောက်မှန်း မသိသော မင်းမင်းချေသည် ကြာညိုနှင့် ဖွေဆိုး နွားသိုးနှစ်ကောင်ကို လှည်းဖြင့်ဆွဲကာ အုန်းသီးကောက်ရာမှ တစ်ခေါက်ပင် ပြန် လာလေပြီ။ လှည်း ပေါ်တွင် အုန်းသီးခြောက်တွေက အပြည့်ပါလာ၏။ မင်းမင်းချေသည် နွားလှည်းကို စီးလာသည် မဟုတ်။ ရှေ့က ကြိုးတပ်၍ ဆွဲလာ၏။ မြသက်စောကို မြင်သောအခါ "မချေ အုန်းသီးကောက်လိုက် မလား၊ မင်းမင်းချေတော့ တစ်ခေါက် ပြန် လာပြီ" ဟု ပြော၏။

"မလိုက်ပါဘူး၊ မချေက ရှင်ပြုပွဲ ရှင်လောင်းလှည့်သွားရမယ့်ဟာ မင်းမင်းချေကလည်း "

မသိတတ် လိုက်ကမ်းဆိုးရန်ကောဟု မြသက်စောက သူ့ဦးလေး (မင်းမင်းချေ)ကိုပါ စိတ်လုပ်ပစ်လိုက်၏။

ခါတိုင်းဆိုလျှင် မြသက်စောသည် မင်းမင်းချေ အရီးချေတို့ နှင့် အုန်းသီးကောက် လိုက်နေကျ ဖြစ်သည် ။ ဧကနှစ်ဆယ်ကျော်ရှိသော အုန်းခြံကြီးထဲတွင် အုန်းသီးကောက်လိုက်ရသည် ကို မြသက် စောက အလွန်ပျော်သည် ။ အုန်းတက်သူများက ရှေ့ကတစ်ပင်ပြီးတစ်ပင်တက်ကာ အုန်းသီးအရင့် များကို ဓားနှင့်သုံးလုံးတစ်တွဲ နှစ်လုံးတစ်တွဲ အချို့ ၁၁ လုံး ကိုးလုံးတစ်တွဲ ခုတ်ချထားခဲ့ကြသည် ။ ဤသည် ကို မြသက်စောနှင့် အရီးချေ မင်းမင်းချေတို့ က နောက်ကလှည်းနှင့်လိုက်၍ ကောက်ရ၏။ လှည်းပေါ်တွင် အုန်းသီးခြောက်တွေပြည့်ပြီဆိုလျှင် မင်းမင်းချေက ဖွေဆိုးနှင့် ကြာညိုကိုဆွဲကာ အိမ်သို့ အုန်းသီးသွားပို့တတ်လေသည် ။ မင်းမင်းချေ အုန်းသီးသွားပို့နေချိန်တွင် အရီးချေနှင့် မြသက် စောတို့ က အုန်းပင်အောက်မှ အုန်းသီးများကိုကောက်၍ လှည်းလမ်းကြောင်း

တွင် စုပုံထားရသည် ။ မင်းမင်းချေ ပြန်လာလျှင် အဆင်သင့် လှည်းပေါ် ကောက်တင်ပေးကြရ၏။ အသီးပါးသော အုန်းကွက်များ တွင် မူ ဟိုအပင်အောက် သုံးလေးလုံး ဒီအပင်အောက် လေးလုံးငါးလုံးနှင့် အုန်းသီး ခြောက်တွေမှာ ပြန့်ကျဲနေတတ်သည် ။

အုန်းတက်သမားများ ခုတ်ချထားခဲ့သော အုန်းသီးများကို နွားလှည်း ပါဆွဲသွားပြီး တရွေ့ရွေ့ ကောက်သွားရသည် ။ ဤအုန်းခင်းများကို ပါပါ စစိုက်ကတည်းကပင် စနစ်တကျစိုက်ထားသဖြင့် မည်သည့်အပင်အောက်မဆို နွားလှည်းနှင့် သွားကောက်နိုင်၏။ ထို့ကြောင့် ဤအုန်းကွက်၌ အုန်းသီး ခြောက်တွေ လိုက်ကောက်ရသည် ကို မြသက်စောပျော်၏။ အင်းမြစ်ကမ်းခြေနားက အုန်းတောမှာတော့ ဘိုးဘွားဘီဘင်က အုန်းတောဖြစ်သဖြင့် လှည်းနှင့်သွား၍ မရပေ။ တစ်ပင်နှင့်တစ်ပင်မှာ အချို့ တစ်လံပင်မခြားဘဲ ညပ်ပိတ်နေသဖြင့် အုန်းသီးကောက်ရတာ ပင်ပန်းသည် ။ အချို့ အပင်ရှည်ကိုင်း ကြီးများ သည် တစ်ပင်ပေါ်တစ်ပင်တင်၍ ကစဥ့်ကလျား မလဲမထောင်ကြီးတွေ ဖြစ်နေကြ၏။ သက်တမ်းရှည်ပြီဖြစ်သော အုန်းပင်များ သည် လူများကဲ့သို့ပင် ခါးကိုင်းခါးကုန်း ဖြစ်နေကြလေပြီ။

မြသက်စော ဆယ်နှစ် ကိုးနှစ် ငယ်ကာလဆိုလျှင် လှည်းပေါ်တက်စီး၍ မြသက်စောက လှည်းမောင်းသည် လှည်းပေါင်နှစ်ဖက်မှ အရီးချေနှင့် မင်းမင်းချေတို့ က လိုက် လာပြီး အုန်းသီးတွေ ကောက်တင်ကြသည် ။ တစ်ခါတစ်ခါ အုန်းခြံကြီးထဲလှည့်ပြီး တစ်ရက်နှစ်ရက်ပင် ကောက်ယူရ၏။ သို့သော် အိမ်နှင့် တစ်ဆက်တည်းဖြစ်နေသော အုန်းခြံကြီးမှာ အရိပ်ကောင်းသဖြင့် တစ်နေ့လုံး ကောက်သော်လည်း မပင်ပန်းပေ။

အိမ်နှင့်ဝေးသော အင်းမြစ်ကမ်းခြေက အုန်းတောရှိ အုန်းသီးများကို

တော့ ဦးဆုံးကောက်ရ သည် ။ သို့မဟုတ်လျှင် ကောက်ကောက်ယူသွား တတ်ကြ၏။ အမှန်က ကလေးတွေသာမဟုတ်၊ တံငါ သည် လူကြီးတွေ ကလည်း အုန်းသီးတွေကို ခိုးတတ် ရောင်းတတ်ကြသည် ။ အုန်းသီးတစ်လုံးလျှင် ခြံဈေးက တစ်မတ်သာရှိသော်လည်း အလုံးတစ်ရာနှစ်ရာ အခိုးခံရလျှင် ထိခိုက်တတ်သည် ။

အင်းမြစ်ကမ်းခြေက အုန်းခင်းမှာ သူခိုးသူဝှက်ရန်ကိုသာ ကြောက်ရသည် မဟုတ်။ အုန်းသီး နုနုကလေးများကို ဖောက်ကိုက်စားတတ်သော ရှဉ့်နှင့် စွေ့တို့ ရန်ကိုလည်း ကြောက်ရသည် ။ ရှဉ့်နှင့် စွေ့တို့ က တစ်ပင်မှ တစ်ပင်ကူးကာ အုန်းသီးနုနုတွေကို စားသည် ထက် သက်သက်ဖောက်ကိုက်ပစ် သည် က များ လေသည် ။ ထို့ကြောင့် မင်းမင်းချေနှင့် ဂိုးဂို( ကိုကို) ကျော်သူရတို့ က လေးခွတစ်ယောက် တစ်လက်နှင့် ညဥ့်ရောနေ့ပါ စောင့်ပစ်ကြရသည် ။ ရှဉ့်အုပ်တွေ စွေ့အုပ်တွေ ကျ လာပြီဆိုလျှင် တစ်ခါ တစ်ခါ မြသက်စော၊ အရီးချေတို့ ပင် လိုက်သွားပြီး ကူပစ်ကြရ၏။ သို့သော် အရီးချေနှင့် မြသက်စော တို့ က တစ်ကောင်တလေကိုမျှ ထိအောင်မပစ်နိုင်ပေ။ မင်းမင်းချေနှင့် ဂိုးဂိုတို့ ကတော့ အချက် နှစ်ဆယ် သုံးဆယ်လောက်ပစ်လျှင် တစ်ကောင်တလေ ထိတတ်သည် ။ လေးခွထိ၍ ရှဉ့်ရလျှင် မြသက်စောက အုန်းလက်ခြောက်တွေကိုကောက်ပြီး မီးရှို့ကာ ဒေါ်လေးနှင့် အုန်းခြံထဲတွင် ရှဉ့်ကို ကင်ကြသည် ။ သုံးလေးကောင်ရလျှင် ဒေါ်လေးက အိမ်ပြန်ပြီး အုန်းဆီထမင်းချက်လာကာ ရှဉ့်ကင် နှင့် အုန်းခြံထဲတွင် ပင် စားတတ်ကြသည် ။ ရှဉ့်တွေကို အသေပစ်စားကြတာ ပါပါ သိသွားလျှင် တော့ ဆူတတ်၏။ ပါပါမှာ တရားသမားဖြစ်သဖြင့် ကြားသား မြင်သားတွေကိုလည်း မစားပေ။ သူများ အသက်ကို သတ်သူများ သည် အသက်တိုသည် အနာများ သည် ဟု အယူရှိ၏။

ပါပါသည် ဓားပြသတ်၍ အိုးယောင်(မေမေ) ဆုံးပြီးကတည်းက သို့မ ဟုတ် ဘယ်ဘက်ပေါင် တစ်ချောင်း ဖြတ်ပစ်ရပြီး မျက်နှာ ကြည့်မကော င်း ရှုမကောင်းလောက်အောင် ဒဏ်ရာအနာတရ ရပြီးကတည်းကပင် သူများ အသက်ကို လုံးဝမသတ်တော့ဟု ဆိုသည် ။ ဥပုသ်နေ့တိုင်း ရှစ်ပါးသီလ ယူသည် ။ လယ်ယာလုပ်ရာ၌ပင် တီကောင် ပိုးကောင်တွေ ကို သတ်မိ၍ ငရဲကြီးမှာ စိုးသဖြင့် ရှိသမျှ လယ်တွေကိုရောင်းကာ အုန်းခြံလုပ်ခြင်းဖြစ်သည် ဟု ဆိုသည် ။ အုန်းခြံမှ တစ်နှစ်တစ်နှစ်ဝင် ငွေမှာ တစ်သောင်းကျော်ရှိသဖြင့် လယ်လုပ်ခြင်းကို ပါပါကစွန့်လိုက်ခြ င်းဖြစ်သည် ။

ပါပါက မည်မျှပင် ငရဲကြီးမှာ ကြောက်သော်လည်း အုပ်လိုက်အုပ်လို က်ကျလာတတ်သော ရှဉ့်နှင့် ဈွေ့တို့ ကိုတော့ မနှိမ်နင်းနိုင်၍ မရပေ။ လေးခွနှင့်ပစ်၍ မထိရောက်လျှင် ပါပါ၏ ကုပ်ချိုး သေနတ်နှင့်ပင် ပစ်ရ သည် ။ စရစ်ကျည်လုံးတွေ ကိုးလုံး ဆယ်လုံး ထည့်ပစ်လျှင် တစ်ချက်ပ စ်ရုံနှင့် တစ်ခါတစ်ခါ နှစ်ကောင်သုံးကောင် ထိတတ်သဖြင့် ဂိုးဂိုက နော က်တော့ သေနတ်နှင့်ချည်း လိုက်ပစ် တော့သည် ။ အုန်းခြံထဲက သေန တ်သံကြားလျှင် ပါပါက ခေါ်မေးတတ်၏။ ဂိုးဂိုက ခြောက်လှန့် ပစ်တာ ပါ အသေမပစ်ပါဘူးဟု ပြောသည် ကို ပါပါကမယုံပေ။ ဂိုးဂို သေနတ် ကိုင်သည် ကိုလည်း ပါပါကမကြိုက်။ ဒီသေနတ်ဟာ တစ်နေ့ ကိုယ့်ကိုဒု က္ခပေးတတ်သည် ဟု ပြောတတ်သည် ။ သို့သော် ပါပါခေါင်းရင်းတွင် ကုပ်ချိုးသေနတ်ကတော့ အမြဲရှိနေသည် ပင်။

ရှဉ့်အုပ်တွေများများကျ၍ မင်းမင်းချေ ဂိုးဂိုတို့ ကလည်း ဆီကြိတ်အ လုပ်ရှိ၍ မအားကြလျှင် တံငါရွာကလေးများကို တစ်ယောက် ပိုက်ဆံတ စ်မတ်၊ ငါးမူးပေးပြီး ရှဉ့်ပစ်ခိုင်းရသည် ။ ဒီကောင် လေးများ သည် လ က်လည်း အလွန်ဖြောင့်ကြသည် ။ သုံးလေးချက်ပစ်လျှင် တစ်ကောင်ကျ

လောက် ရတတ်ကြ၏။ သူတို့ ကလေးများ အုပ်ကိုမြင်လျှင် ရှဉ့်များမှာလည်း နေစရာမရှိဖြစ်ပြီး အုန်းတောထဲမှ အားလုံး ပြားတောထဲဆင်းပြေးသွားတတ်ကြသည် ။ တံငါရွာက ကလေးတွေမှာ အုန်းခြံထဲဝင်ပြီး ရှဉ့်ပစ်ရသည် ကိုပင် ပျော်ပွဲတစ်ခုလို ထင်နေကြသည် ။ နောက်တော့ ပိုက်ဆံပေးသည် ကိုပင်မယူဘဲ "ရှဉ့်သားစားရရင်ပြီးရော မမရယ်၊ နေပါစေ၊ မမတို့ ခြံထဲ ရှဉ့်လိုက်ပစ်ရတာ သိပ်ပျော်စရာကောင်း တာပါပဲ"ဟု ပင် ပြောလာကြသည် ။

ဤသည် ကိုလည်း ပါပါက သိသွားပြန်သောအခါ ပိုက်ဆံပေးပြီး သူများ အသက် သတ်ခိုင်း တာ ငရဲကြီးပြီး ပိုက်ဆံလည်း ကုန်ဟု အပြစ်တင်ပြန်သည် ။ သို့သော် မတတ်နိုင်ပေ။ ဤကိစ္စကို မင်းမင်းချေနှင့် ဂိုးဂိုတို့က လျှို့ဝှက်၍ လုပ်ကြရသည် ။

ဤကဲ့သို့သော အခက်အခဲများကြောင့် အင်းမြစ်နားအုန်းခင်းက အုန်းသီးတွေကို နောက်တော့ ဆီကြိတ်ရအောင် အခြောက်မထားဘဲ အရည်သောက် (လက်မထိုး) အရွယ်ရောက်လျှင် အကုန်တက်၍ ပါပါက မြို့မှာ သွားရောင်းခိုင်းတတ်သည် ။ ဤသို့ရောင်းလိုက်ခြင်းမှာ ငွေရနည်းသော်လည်း စိတ်ချမ်းသာသည် ။ အကုသိုလ်မများ ဟု ပြော၏။ အိမ်ခြံထဲက အုန်းသီးတွေကိုတော့ အခွံ ညိုရုံနှင့်ပင် ပါပါကမခူးခိုင်း။ အခြောက်ဖြစ်မှ ကောက်ခိုင်းသည် ။ အုန်းသီးရောင်းသည် ထက် အုန်းဆီရောင်းခြင်းက ပို၍ အမြတ်အစွန်းရလေသည် ။

ထို့ကြောင့် မြသက်စောတို့ ခြေတံရှည်အိမ်အောက်တွင် အုန်းဆီကြိတ်ဆုံတစ်ခုကိုလည်း ပါပါက တည်ထားသည် ။ အုန်းသီးခြောက်တွေမှာ ရာသီမရွေးရသော်လည်း အုန်းဆံများ နေလှန်း ရာတွင် တော့ အခက်အခဲရှိလေသည် ။ မိုးတွင်းဆိုလျှင် မိုးများ သောအရပ်မို့ နေတစ်ပတ် ခြော

က်ရက် ပူသည် ဟု မရှိပေ။ ထို့ကြောင့် မိုးတွင်းက ခူးရကောက်ရသော အုန်းသီးခြောက်တွေကို အားလုံး အိမ်အောက်၌ စုပုံထားရသည် ။ ဒီကြားထဲ သဲမြေက အစိုဓာတ်ရ၍ အညှောက်၊ အပင်မထွက်အောင် လည်း ဂရုစိုက်ရသည် ။

ဤသည် ကို ပါပါက ကြမ်းခင်းရန် ပြောဖူးသေး၏။ သို့သော် မင်းမင်းချေနှင့် ဂိုးဂိုတို့ က အလုပ်ပိုသည် ထင်၍ ယခုထိ မလုပ်ကြသေး။ အဲဒါ ပါပါသိလျှင် ဆူဦးမည်။

မနေ့က အုန်းတက်သမားတွေငှားပြီး အုန်းသီးခူးခိုင်းထားသဖြင့် ရေချိုးရုံနားက လှမ်းကြည့် လိုက်လျှင် အုန်းပင်များ ခြေရင်းသလဲပြင်ပေါ်မှာ အုန်းသီးခြောက်တွေကို ပြန့်ကျဲ၍ လှမ်းမြင်နေရ ၏။ အုန်းပင်တက်ပြီး အုန်းသီးခူးသူတွေမှာ ဓားတစ်ယောက်တစ်လက်စီနှင့် အုန်းသီးများကို ခုတ်ချ ရုံသာ ခုတ်ချထားခဲ့ကြတတ်သည် ။ ဤသည် ကိုပင် တစ်နေ့ ဆယ့်ငါးကျပ်ပေးရ၏။ မြသက်စောတို့ အုန်းခြံမှာ အုန်းပင်ပေါင်းတစ်ထောင်ကျော်ရှိသဖြင့် သုံးလတစ်ကြိမ် အုန်းတက်သမား သုံးလေး ယောက်ကိုငှား၍ တက်ခိုင်းရသည် ။ အုန်းတက်သမား သုံးလေးယောက်သည် သုံးလေးရက် တက်ယူ ရ၏။

အုန်းခြံက ဤသို့ ကျယ်ပြန့်လာခြင်းမှာ ပါပါသည် နှစ်စဉ်အုန်းပင်များကို တိုးချဲ့စိုက်ပျိုးလာ သဖြင့်ဖြစ်သည် ။ ယခုပင် မသီးသေးသော အုန်းပင်တွေနှင့် ပျိုးထားသော အုန်းပင်တွေမှာ လေးငါးရာစီ ရှိသေးသည် ။ နောင်နှစ်တွင် အုန်းခင်းအသစ်ချရန် သဝင်တော စံပန်းပင်တော ဆီးချုံ များကို တောခုတ်ထားတာလည်း ငါးဧကလောက်ရှိသေး၏။ မြသက်စောတို့ ကမ်းရိုးတန်းဒေသ၌ အုန်းသီးပစ်ထားရုံနှင့် အပင်ပေါက်ရှင်သန်ကြသည် ။ ယခင်ကဆိုလျှင် အင်းမြစ်ဘေးနားတွင် အ

လေ့ ကျပင်ပေါက်သည် ဟု ဆို၏။ ပင်လယ်လှိုင်းနှင့် မျောပါလာသော အုန်းသီးများ သည် ချိုင့်ကျသော အင်းမြစ်ကမ်းခြေတွင် တင်နေကြသည် ။ ထိုမှ အစို့ပေါက် အညှောက်ထွက်၍ အပင်ဖြစ်လာ၏။ ထိုအပင်မှ တစ်ခါ အသီးသီး မှ ညှို့ခြောက်ကြွေကျကာ အစို့အညှောက်ထွက်၍ အုန်းပင်ဖြစ်လာကြပြန် သည် ။ ဤသို့နှင့် အင်းမြစ်ချိုင့်ထဲက ဘိုးဘိုးတို့ အုန်းခင်းသည် အလေ့ကျပေါက်သော အုန်းခင်းဟု မြသက်စောကို ငယ်ငယ်က ပါပါပြောဖူးသည် ။ အလေ့ကျအုန်းပင်တွေမှာ တစ်ပင်နှင့်တစ်ပင် ပူးညပ် ပိတ်တင်နေကြသဖြင့် တချို့အိမ်ရှေ့ ဥသျှစ်ပင်ပေါက ဥသျှစ်သီးလောက်ပင် မကြီးဟု ဆိုသည် ။

ပါပါသည် အင်းမြစ်ကမ်းခြေမှ အလေ့ကျအုန်းပင်တွေကို အကုန်ခုတ်ပစ်ခိုင်းပြီး အလုံးကြီး သော မျိုးကောင်းမျိုးသန့် အုန်းတွေကို အစားထိုးခဲ့သည် ။ နောက်ဆိုလျှင် ဂွမြို့နှင့် သံတွဲတို့ တွင် အုန်းဆံကြိုးစက်တွေရှိနေပြီးဖြစ်သဖြင့် အုန်းသီးခွံတွေကိုပင် လွှင့်ပစ်ရတော့မည် မဟုတ်တော့။ အမှိုက်ထဲက ပိုက်ဆံတွေဖြစ်လာဦးမည်ဟု ပါပါကပြောသည် ။ ပါပါသည် အုန်းခင်းရော အုန်းပင်များ ကိုပါချစ်သဖြင့် အုန်းနှင့်အကျိုးပေးသည် ဟု ရွာက လူများကပြောကြသည် ။ ဦးကျော်စံ အုန်းခင်းထဲ ဝင်မိရင် စိတ်ကိုချမ်းသာတယ်ဟု ပင် ပြောတတ်ကြသည် ။

ထို့ကြောင့်ပင်လားမသိ ပူပြင်းသောနွေရက်များ တွင် အင်းမြစ်ကမ်းခြေက မြသက်စောတို့ အုန်းခြံထဲ မြို့က ကျောင်းသားကျောင်းသူ ဆရာဆရာမများ ပင် အုန်းခြံထဲလာ၍ ထမင်းချက်စား တတ်ကြသည် ။ အင်းမြစ်ထဲဆင်း၍ ရေကူးကြသည် ။ ငါးမျှားကြသည် ။ ရေငန်ထဲများ ဆင်းပြီး ရေကူးနေကြသည် မှာ ငါးမန်းအုပ်တွေမှာ လာမြူးနေသလားဟု ပင် ထင်ရ၏။ သူတို့ လာပြီဆိုလျှင် အလွန်တော့ မျက်စိနောက်ဖို့ ကောင်းသည် ။ တစ်ယောက်နှင့်တစ်ယောက်

နောက်လားပြောင်လား ပြောဆိုကြသည့်အပြင် တစ်ခါတစ်ခါ မြသက်စောတို့ ကိုပင် နောက်သွားကြ၏။ အကြောင်းမရှိဘဲ အုန်းခြံထဲ ခဲနှင့်ပစ်ချင်ကလည်း ပစ်တတ်ကြသည် ။ ပြီး ဓာတ်ပုံလည်း ရိုက်ကြ၏။ မြသက်စောကို ပင် တစ်ခါ ကောင်လေးတစ်ယောက်က ညီမ ဓာတ်ပုံရိုက်ရအောင်တဲ့ ။ မြသက်စောက ဘာပြန်ပြောရ မှန်းမသိဘဲ ကြောင်နေတော့ သူက ပြုံးထားပါတဲ့ ။ မင်းမင်းချေ လာတာနဲ့ ဆုံမိသွား၍ အဆူခံရသေးသည် ။ ထို့ကြောင့် မြို့က ကျောင်းသား၊ ကျောင်းသူတွေရှိနေလျှင် ပါပါကရော၊ မင်းမင်းချေ၊ အရီးချေ နှင့် ဂိုးဂိုကရော အင်းမြစ်ဘက် အုန်းခြံထဲ လုံးဝမသွားရ။ ဒီကျောင်းသား ကျောင်းသူတွေကလည်း တစ်မျိုးပင်။ မင်းမင်းချေ၊ အရီးချေ၊ မြသက်စော၊ ဂိုးဂိုတို့ ကိုမြင်လျှင် မျက်နှာပြောင်ချော်ချော်နှင့် ထမင်းစားပါဦး၊ ကော်ဖီသောက်ပါဦး၊ လာထိုင်ပါဦး၊ ရေဒီယိုနားထောင်ပါဦး၊ အုန်းသီးအရည် သောက်တွေ ရောင်းပါဦးနှင့် မရှက်မကြောက် လာပြောခေါ် ဖိတ်တတ်ကြသည် ။

"မင်းတို့ လေဒီယိုထက် ကောင်းတဲ့ လေဒီယို တို့ အိမ်မှာ ရှိတယ်၊ မင်းတို့ လေဒီယိုထက်လည်း အလုံးလည်း ကြီးတယ်၊ ဟိုခေတ်ဟောင်းက လေဒီယိုကွ၊ လက်ဟောင်း၊ မင်းတို့ ဟာက လက်သစ်၊ အလုံးလည်း သေးတယ် ဘာလုပ်ဖို့ လဲ၊ တောသားဆိုပြီး အထင်မသေးပါနဲ့ "

မင်းမင်းချေက ဤသို့ပြောလျှင် သူတို့ က ဝိုင်းရယ်ကြသည် ။ မင်းမင်းချေက ပိုပြီးစိတ်ဆိုးလာ သည် ။

"ဒါမျိုးကောဗျ၊ ခင်ဗျားတို့ အိမ်မှာ ရှိလို့ လား ကြည့်စမ်းပါဦး"

ကျောင်းသားတစ်ယောက်က အသံမြည်စက်တစ်ခုနှင့် သီချင်းဖွင့်ပြပြန်သည် ။

"ဟဲ့ကောင်. . . မင်းတို့ ဓာတ်စက်ထက်ကြီးတဲ့ ဓာတ်စက်လည်း တို့

အိမ်မှာ ရှိတယ်၊ ဓာတ်ပြား တွေလည်း နှစ်ရာကျော်ရှိတယ်ကွ၊ သီချင်းကြီးရော၊ ခေတ်ပေါ်သီချင်းရော၊ နောက်ဆုံး တရား ဓာတ်ထုပ် တောင်ရှိတယ်ကွ၊ အားလုံးလက်ဟောင်းချည်းပဲ၊ မင်းတို့ ဟာတွေထက် အဆတစ်ရာ ကောင်းတယ်၊ ဓာတ်ပြားဆိုရင် ခွေးတံဆိပ်၊ ဓာတ်စက်စိန် ခေါင်းကလည်း အမေရိကားကလာတာ၊ နောက်ဆုံး အပ်ကအစ ကု လားပြည်က ခိုးဝင်လာတာမှ သုံးတာကွ၊ မင်းတို့ ခွေးတံဆိပ် ဓာတ်ပြား ဟောင်းဆိုတာ မြင်တောင်မြင်ဖူးရဲ့ လား"

ကျောင်းသားတွေက ဝိုင်းရယ်ကြလေ၊ မင်းမင်းချေက ဒေါပွလေပင်။

"မြို့သားတွေဆိုပြီး မင်းတို့ ဘာနားလည်လို့ လဲ၊ ခု ဒီအုန်းခြံထဲ မင်း တို့ ဘယ်သူဆီခွင့် တောင်းပြီး ဝင်ကြလဲ၊ ပိုင်နက်ကျူးလွန်မှုနဲ့ ငါတရား စွဲရင် အားလုံးအချုပ်ထဲရောက်ကုန်မယ် သိလား၊ ခု ထွက်သွားကြစမ်း၊ မင်းတို့ ကို အုန်းသီးရောင်းဖို့ မပြောနဲ့ ဒီလောက် စကားလက်ခံပြော တာတောင် တော်လှပြီ၊ သွား. . .ခု. . .ထွက်သွားကြ၊ နောက် ဒီအုန်းခြံထဲ လာရင် ဒီမှာ တွေ့လား၊ သေနတ်ကိုကြည့်"

ထိုနေ့က ဂိုးဂိုလွယ်ထားသော ကုပ်ချိုးသေနတ်ကို မင်းမင်းချေက ကျောင်းသားတွေကို ခြိမ်းခြောက်သည် ။ သို့သော် ကျောင်းသားတွေက လည်း နည်းနည်းမျှမကြောက်ကြပေ။ ပို၍ လှောင်ပြောင်အော်ဟစ်ကြ သည် ။ နောက်တော့ ကျောင်းဆရာ၊ ဆရာမတွေ လာတောင်းပန်ကြမှ ပြေငြိမ်းသွားကြသည် ။ ထိုစဉ်ကပင် ကျောင်းသားတွေတော့ ခြံထဲမလာကြတော့ပေ။ မင်းမင်းချေက တော့ ခုမှ နားအေးပါးအေး ရှိသ ည် ဟု ပြော၏။

***

# အခန်း(၂)

"ဩဂ. . .သံသရာ. . .ဝဲကိုပင်. . .မန္တဲလိုချင်. . .ညွတ်ကွင်းက ဇွတ်ခွာနိုင်ရင် ကင်းလွတ်လို့ နိဗ္ဗာန်သို့ဝင်. . .ရွှေရောင်လျှမ်းနေတဲ့ ဂွမ်းရဲ့ ပမာသွင်. . .သက်န်းပရိက္ခရာ သပိတ်ပါ သရွှေနွယ်ဝင်. . ."

မျက်လုံးအစုံပွင့်လာသည် နှင့် တစ်ပြိုင်နက် အသံချဲ့စက်မှ သီချင်းသံကိုကြားရသည် ။ အသံချဲ့ စက်မှ သီချင်းသံကို ကြားရမှ ဤယနေ့ မင်းတောင်ရွာ မင်းတဲရပ်တွင် ရှင်ပြုရဟန်းခံရှိကြောင်း သတိပြုမိသည် ။

သူသည် ရွာနှင့်ဝေးခဲ့သည် မှာ နှစ်ပေါင်း ဆယ်နှစ်ကျော်ခဲ့ပြီ။ သူတို့ရွာသည် အိမ်ခြေလေးရာ ကျော်ရှိသော ရွာကြီးဖြစ်သဖြင့် ဤလို အလှူအတန်းရှိသော နေ့ရက်များ ဆိုလျှင် အလွန်စည်ကားပြီး အလွန်ပျော်စရာကောင်းလှသည် ။ ယခု လူလည်း များ ၊ အိမ်ခြေရာခြေတွေလည်း တိုးလာသော မင်းတောင်ရွာသည် ပို၍ ပင် ပျော်စရာကောင်းနေပေလိမ့်မည်။

ဦးကျော်စံတို့ အရွယ် လူကြီးတွေမှာ ဝတ်ကောင်းစားလှ ခေါင်းပေါင်းစ တလူလူနှင့် အလှူ မဏ္ဍပ်တွင် ထေရ်ကြီး ဝါကြီး ရဟန်းသံဃာများ နှင့် အာလာပသလ္လာပ စကားပြောကာ တရား ဆွေးနွေးရင်း

ပြည့်လျှံနေကြပေလိမ့်မည်။ တောရွာတို့ သဘာဝအတိုင်း လူတွေမှာ မိမိအလုပ်အကိုင် ကိုယ်စီနှင့်ဖြစ်လေရာ ဤလို အလှူပွဲတစ်ခုခုရှိမှ ဆုံစည်းမိတတ်ကြသည် ။

ဆုံစည်းမိကြပြီဆိုလျှင် တစ်ယောက်နှင့်တစ်ယောက် ကျန်းကြောင်းမာကြောင်းကအစ တရားဓမ္မ ဆွေးနွေးကြသည် အလယ်နောက်ကျပြောင်ကျသည် များ အဆုံး စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်တတ်ကြသည် ။ လူတောထဲမတိုးရဲသော သူ့အဖြစ်မှာ တော့ ဤပတ်ဝန်းကျင်နှင့် ဝေးခဲ့သည် မှာ နှစ်ပေါင်း တစ်ဆယ်ကျော်ခဲ့ပါလေပြီ။ ဤအုန်းခြံထဲတွင် သူသည် နှစ်ပေါင်းတစ်ဆယ်ကျော် အရုပ်ဆိုးစွာ နေထိုင်ခဲ့ရသည် ။

ဦးကျော်စံတို့ အရွယ် မင်းယောက်ျားများက မဏ္ဍပ်ထဲတွင် အာလာပသလ္လာပ ပြောကြဆိုကြ နောက်ကြပြောင်ကြ တရားဆွေးနွေးကြရင်း ပျော်နေတတ်ကြသလို အမေအိုများ နှင့် အိမ်ထောင်ရှင် အမျိုးသမီးကြီးငယ်များမှာ လည်း ချက်ဟယ်ပြုတ်ဟယ်နှင့် သားချင်းသမီးချင်း မြေးချင်းမြစ်ချင်း နောက်ပြောင်၍ ပျော်နေကြပေလိမ့်မည်။

ကာလသား သားသမီးများကလည်း အလှူအတွက် ရေအိုးကိုယ်စီနှင့် ရွာနှစ်ရွာကြားရှိ ဗောဓိကန်ကြီးထဲမှ ရေကို အခေါက်ခေါက်အခါခါ သယ်ခပ်ပြီး၊ တစ်ဦးနှင့်တစ်ဦး စောင်းပါးရိပ်ခြည် စကားကွယ်ကာ ပျော်နေကြပေလိမ့်မည်။

ဤသည် ကိုတွေးကြည့်လျှင် ဦးကျော်စံ၏ ရင်ထဲမှာ ဆို့ချင် ပို့ချင်လာသည် ။ သူသည် ခြေထောက်တစ်ဖက် ဖြတ်ပစ်ခဲ့ရသော အသက်နှစ်ဆယ်ကျော်အရွယ်မှ သည် ယခု အသက်လေးဆယ် ကျော်အရွယ်အထိ ရွာသို့ တစ်ခေါက်မျှ မရောက်ဖြစ်ခဲ့ပေ။ အခါကြီး နေ့ရက်ကြီးများ ဖြစ်

သော ဝါဝင် ဝါထွက် သင်္ကြန်ရက်များ တွင် လည်း ဆွမ်းခံကြွလာသော ဦးပဥ္စင်း၊ ကိုရင်များ ဆီ၌ သာ ရှစ်ပါးသီလ ယူ၍ မိမိအိမ်တွင် မိမိသီလ ကို မကျိုးမပေါက်အောင် စောင့်ထိန်းခဲ့ရသည် ။ ခြေတစ်ဖက် ဖြတ်ထား ရ သည် နှင့် မျက်နှာတွင် အမာရွတ်များ ပြည့်လျှံနေသည့်အပြင် သူ့အား ကိုယ်ကျင့်တရားပျက်သူ၊ လူ့ ကျင့်ဝတ်မရှိသူ၊ စက်ဆုပ်ရွံရှာဖွယ်ကောင်း သူ၊ ယုတ်မာသူ၊ တဏှာပေမ ပယောဂ၏ နောက်ကို စိတ်ရောကိုယ်ပါ ကြံစည်သူ၊ သူများ သားမယားကို ကြာခိုသူအဖြစ် ရွာသူရွာသားတွေက အထင် ရောက်ခဲ့ကြသည် ။

ဤကဲ့သို့ ရွာသူရွာသားတွေ၏ အထင်အမြင် အကြည့်အရှုကို လုံးဝမ ခံလိုသော သူသည် ရွာနှင့် တစ်ခေါ်နီးပါး ဝေးကွာသော ဤမိမိပိုင် အုန်းခြံကြီးထဲတွင် အိမ်ဆောက်၍ သားတစ်ယောက်၊ သမီးတစ်ယောက် ၊ နှမဝမ်းကွဲတစ်ယောက်၊ ယောက်ဖတစ်ယောက်နှင့် နေလာခဲ့သည် မှာ ယခုဆိုလျှင် နှစ်ပေါင်းတစ်ဆယ်ကျော်ခဲ့ပြီ။ အနေအထိုင်လည်း အသား ကျခဲ့ပြီ။ သို့သော် ဤလိုရွာတွင် အလှူ အတန်းရှိသော နေ့ရက်များ တွင် တော့ သူ့စိတ်သည် အသံချဲ့စက်မှ သီချင်းသံကြားတိုင်း ရွာကို ရောက် နေတတ်သည် ။ အမှန်မှာ သူ၏ အသက်သည် လေးဆယ်ဝန်းကျင်၌ သာရှိသေးသဖြင့် အကယ် ၍ ကိုယ်လက်အင်္ဂါ သန်စွမ်းသူများ သာဖြစ်ပါက ပျော်၍ ပါး၍ ကောင်းတုန်း အရွယ်ပင်ရှိသေး၏။ ထို့ကြော င့် ယခင်ကလို ရွာကို အခေါက်ခေါက်အခါခါ လျှောက်လိုစိတ်တွေ တဖွားဖွား ပေါ်ပေါက် လျက်ရှိလေသည် ။

ထို့ကြောင့်လည်း သူသည် အိပ်ရာထ မျက်နှာသစ်ပြီး အိမ်အောက်ဆ င်းကာ သူ့ညီမ ကြော်လှော်ခူးခပ်ထားသော မီးဖိုချောင်နားက အုန်းပင်ခြေရင်းရှိ သံပေါက်တန်းလျားပေါ်မှ ရေနွေး ကြမ်း၊ ထမင်းကြော်၊ ငါးခြောက်ဖုတ် စသည် တို့ ကို ပါးစပ်ထဲ တစ်ခုပြီးတစ်ခု

ထည့်ဝါးနေသော်လည်း သူ၏ လှုပ်ရှားမှုဟန်ပန်မှာ သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်ပမာ ဖြစ်နေလေသည် ။ စားသောက် နေသော အစာအာဟာရတို့ ၏ အရသာကို လုံးဝသတိမထားမိဘဲ စိတ်၏ စေ့ဆော်တောင့်တရာဆီ၌ သာ သူ၏ စိတ်သည် လျှောက်သွားလျက်ရှိလေသည် ။

ယခင်က သူသည် စီးပွားဥစ္စာကြွယ်ဝသော သူကြီးမင်းဖြစ်သဖြင့် သူလာလျှင် မည်သူမဆို ဦးမညွှတ်ရုံတမယ် ရိုသေလေးစားခြင်းကို ခံခဲ့ရသည် ။ ထို့ကြောင့်လည်း ရွာတွင် အလှူအတန်း တစ်ခုခု ရှိပြီဆိုလျှင် သူကြီးလေးဦးကျော်စံမှာ ရွာရိုးတစ်လျှောက်၌ အခေါက်ခေါက်အခါခါ သွားလာ စီမံလျက်ရှိတတ်သည် ။ မည်သူ့ကိုမဆို ဖော်ရွေသောအပြုံး၊ နှစ်လိုဖွယ်ကောင်းသော စကားတို့ နှင့် ကြုံတိုင်း ဆုံတိုင်း ပြောကြားရသည် ။ ဤသည် မှာ ပြန်လည်တောင့်တ၍ မရနိုင်တော့သော ယခင် အဖြစ်။

ယခု သူ၏ ဘဝပေးအခြေအနေအတိုင်း ချိုင်းထောက်ကြီးနှင့် ရွာထဲကိုဝင်မိလျှင်တော့ အကျည်းတန် အရုပ်ဆိုးလွန်းသော သူ၏ မျက်နှာမှ ကြောက်ရွံ့ချောက်ချားစရာကောင်းသော အမာ ရွတ်ကြီးများကိုမြင်ကာ ကလေးသူငယ်များ သည် အထိတ်တလန့် အော်ဟစ်ပြေးကောင်း ပြေးကြ မည်။ အရူးကြီး သူတောင်းစားကြီးဟု ထင်ကလည်း ထင်ပေလိမ့်မည်။ သားတို့ သမီးတို့ အရွယ် လူငယ်လူရွယ်များ သည် လည်း သူ့ကို မည်သူမည်ဝါဟု သိကြမည် မဟုတ်တော့ပေ။ ထို့ကြောင့် အံ့သြထိတ်လန့်သော အကြည့်တို့ ဖြင့် ဝိုင်းဝန်းကြည့်ရှုကောင်း ကြည့်ကြပေလိမ့်မည်။ သို့မဟုတ် မကောင်းဆိုးဝါးတစ်ကောင် ရွာထဲဝင်လာသည် အထင်နှင့် ခဲ ပေါက် တုတ်နှင့်ပစ်ကာ အော်ဟစ်မောင်း ထုတ်ကောင်း မောင်းထုတ်ကြပေလိမ့်မည်။

ဆယ်နှစ်ကျော် အနှစ်နှစ်ဆယ်နီးပါး ရွာထဲကို တစ်ခေါက်တစ်ခါမှ ဝင်လာခြင်း မရှိတော့သော သူ့ကို ယခင်က ခင်မင်ရင်းနှီးကြသော မိတ်ဆွေသင်္ဂဟ ရွာလူကြီးသူများကလည်း အံ့သြကောင်း အံ့သြကြပေလိမ့်မည်။ အလှူရှင်များမှာ သူမသိသော လူငယ် လူလတ်ပိုင်းများ သို့မဟုတ် တစ်ရွာ တစ်ကျေးက ပြောင်းရွှေ့လာ၍ ဤရွာတွင် အခြေစိုက်နေထိုင်ကြသူများ ဆိုလျှင် ဖုန်းတောင်းယာ စကာတစ်ယောက် အလှူမဏ္ဍပ်ထဲ အတောင်းခံလာသည် အထင်နှင့် ထမင်းကျန်၊ ဟင်းကျန်များ နှင့် ငွေစအကြွေများကိုပင် ပေးကမ်းသမှု ပြုကောင်းပြုကြပေလိမ့်မည်လား မသိပေ။

"ပါပါ. . ."

သူ့နောက်မှ တစ်စုံတစ်ယောက် ခေါ်လိုက်သံကြောင့် စားရင်းသောက်ရင်း စိတ်သတိလွတ်နေ သော ဦးကျော်စံသည် ဆတ်ခနဲခေါင်းလှည့်ကာ အသံလာရာသို့ မျက်နှာမူလိုက်သည် ။ သမီးငယ်ကို မြင်သောအခါ သူ့အတွေးတို့ သည် အားလုံးတစ်စစီ တစ်စစီ လွင့်ပျယ်ကုန်တော့သည် ။ အဝတ်သစ် အဆင်သစ်တွေနှင့် လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးဟု စာဆိုကပင် ရှုံးလောက်အောင် လှယဉ် ကြော့ချောနေသော သမီးငယ်ကိုကြည့်ပြီး ဦးကျော်စံ၏ မျက်နှာက အပြောင်းအလဲဖြစ်သွားပြန် သည် ။

သမီးငယ်သည် သူထိုင်နေသော သံပေါက်တန်းလျားနောက်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင် ကာ သူ၏ မျက်နှာကို စိုက်ကြည့်နေ၏။ သူ့သမီးငယ်သည် သူ့အား မည်မျှအချိန်ကြာကြာ စိုက်ကြည့် နေခဲ့သည် ကိုတော့ သူက မသိပေ။

"ပါပါ နေမကောင်းလို့ လားဟင်"

သူ၏ လာရင်းကိစ္စကို မပြောသေးဘဲ သူ့အဖေ၏ ကျန်းမာရေးကိုသာ အဓိကထား မေးလာ သော သမီးငယ်ကို ဦးကျော်စံမှာ မည်သို့ပြောရမှန်းမသိဘဲ ခဏတော့ ကြောင်နေမိ၏။ ပြီးမှ . . .

"ပါ. . .ပါပါ. . .နေကောင်းပါတယ် မချေရယ်၊ ပါပါ ဘာမှ မဖြစ်ပါဘူး"

ဟန်လုပ်၍ သာ ပြောရသော်လည်း သူ့စကားသံက တည်ငြိမ်မှုအလျှင်းကင်းနေသည် ။

"ဒီကနေ့ ပါပါ မျက်နှာညှိုးနေသလားလို့ ပါ"

ပြောရင်းနှင့်ပင် သမီးငယ်သည် တန်းလျားနောက်မှီဘေးမှ သူ့ရှေ့သို့ ရောက်လာ၏။ ဒီလောက် အဖုအထစ် အမာရွတ်ကြီးတွေနှင့် ပြည့်နှက်နေသည့် သူ၏ မျက်နှာကိုပင် ညှိုးရော်သည် ၊ ကြည်လင်နေသည် ဟု သမီးငယ် မည်သို့ခန့်မှန်းတတ်ပါလိမ့်။ ဦးကျော်စံ၏ အတွေးသည် ချက်ချင်း စကားအဖြစ် ပြောင်းလဲလာ၏။

"ဒီလောက် အဖုအထစ် အမာရွတ်တွေ ဗရပွနဲ့ ပါပါ့မျက်နှာက ညှိုးနေတယ်ဆိုတာ မချေ ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့ ပါပါရယ်၊ မချေက ပါပါ့မျက်နှာကို ငယ်ငယ်ကပင် မချေတစ်သက် ကြည့်လာခဲ့ တာပဲ၊ ပါပါ စိတ်ဆိုးတဲ့ မျက်နှာရော၊ နေမကောင်းလို့ ညှိုးနေတဲ့ မျက်နှာရော၊ ဝမ်းသာလို့ ကြည်လင် နေတဲ့ မျက်နှာရော ၊ စိတ်အားငယ်နေတဲ့ မျက်နှာရော မချေ အားလုံးမှတ်မိတယ်၊ ဟောခုကြည့်လေ . . .ပါပါ့မျက်နှာက ကြည်လင်လာပါပြီ၊ ပါပါ့မျက်နှာက ချက်ချင်းပြောင်းသွားပြီ၊ ကဲ မချေပြောတာ မဟုတ်ဘူး လား"

မြသက်စောသည် ကလေးငယ်တစ်ဦးပမာ ရှေ့သို့ခါးညွတ်ကာ ပေါင်

ပေါ်လက်နှစ်ဖက် ထောက်ပြီး သူ့အဖေ၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြောလိုက်၏။

သမီးငယ်၏ စကားကို မငြင်းသာသော ဦးကျော်စံမှာ အသံထွက်လောက်အောင်ပင် တဟဲဟဲ ရယ်မောပစ်လိုက်သည် ။

မြသက်စော ပြောသည် မှာ အမှန်ပင်ဖြစ်သည် ။ အတိတ်ဘဝကို ပြန်မရသော်လည်း စိတ်အတွေးနှင့် တောင့်တဆွေးမြည့်နေသော ဦးကျော်စံမှာ သမီးငယ်၏ အသံကို မကြားရချိန်က မျက်နှာညှိုးနေသော်လည်း သမီးငယ်သိသွားသည် နှင့် တစ်ပြိုင်နက် သမီးငယ် စိတ်မချမ်းမသာ ဖြစ်မည်စိုးသဖြင့် ချက်ချင်းမျက်နှာပြင်လိုက်သည် ။

ဤသည် ကိုပင် သူ့တစ်သက် ဖခင်၏ မျက်နှာကို အမြဲသတိထားကြည့်လာတတ်သော သမီး ငယ်ကလည်း ချက်ချင်းအတပ်ပြောနိုင်လေသည် ။ ဤသည် မှာ သမီးငယ်သည် ဖခင်အပေါ်၌ မည်မျှ ချစ်ကြောက်ရိုသေ ဂရုတစိုက် ကျိုးနွံစွာနေခဲ့သည် ကို ပြသလိုက်ခြင်းဖြစ်သည် ။

"ပါပါ မချေပြောတာ မဟုတ်ဘူး လားဟင်"

"ဟဲဟဲ. . .ဟုတ်ပါတယ် မချေရယ်"

"ဟုတ်ရင် ပါပါတစ်ယောက်တည်း ဘာတွေတွေးပြီး စိတ်မကောင်းဖြစ်နေတာလဲ ဟင်၊ မချေ ကို မပြောပြနိုင်ဘူးလား"

မြသက်စောသည် သိလိုဇောနှင့် ချက်ချင်း သူ့အဖေဘေး သံပေါက်တန်းလျားပေါ် ဝင်ထိုင် လိုက်ကာ သူ့ပါပါ၏ ပေါင်တစ်ဖက်ပေါ် လက်တင်၍ မေးလိုက်၏။

ဦးကျော်စံမှာ သမီးငယ်၏ အမေးကို ချက်ချင်းမဖြေသေးဘဲ သမီး၏ မျက်နှာကို အပြုံးနှင့် စိုက်ကြည့်နေလိုက်သည် ။

"ကဲ ပြောလေ. . .ပါပါ၊ ပါပါ ဘာတွေတွေးနေလို့ လဲ"

"ဩော် ပါပါတွေးနေတာက ဒီလိုပါ၊ ပါပါ မေးစေ့ဖျားက မုတ်ဆိတ်မွေးတွေဟာ နေ့တိုင်း လိုလို ရိတ်နေရတော့ ခေါင်းပေါ်က ဆံပင်တွေရဲ့ အမြစ်တွေများ ဖြစ်နေရော့သလားလို့ ပါပါတွေးနေ တာပါ မချေရယ်"

သမီး အဘနှစ်ယောက်လုံးသည် အသံထွက်အောင်ပင် ပြုံးတူရယ်လိုက်ကြသည် ။

"ဟင် ပါပါက သိပ်နောက်တာပဲ၊ မချေက တကယ်ထင်လို့ နားထောင်နေတာ"

"ဟော့ ယောက်ဖကြီးရို့(တို့ ) သမီး အဘတွေ ဘာသဘောကျနေကြပါလိမ့်"

အုန်းခြံအစမှ ဒုတိယအခေါက် အုန်းသီးကောက်၍ လှည်းနှင့်ပြန်လာသော မင်းမင်းချေ၊ ဦးဘမောင်က မြသက်စောနှင့် ဦးကျော်စံတို့ ရယ်မောနေကြသည် ကို မြင်သဖြင့် လှမ်းအော်ပြော၏။ ပါပါက မချေပြောသည် ကို မင်းမင်းချေကို ပြောပြန်သောအခါ မင်းမင်းချေက လည်း လှိုက်လှိုက် လှဲလှဲ ရယ်လိုက်ပြန်၏။

အရီးချေကတော့ အုန်းခြံအစ တစ်နေရာတွင် အပင်ပေါ်က အုန်းသီးတက်သမားများ ခုတ်ချ ထားခဲ့သော အုန်းသီးခြောက်တွေကို လိုက်ကောက်စုစည်းနေသဖြင့် မြသက်စောတို့ သမီးအဘနှင့် ခင်ပွန်းသည် တို့ ၏ ရယ်သံကို ကြားနိုင်မည်မဟုတ်ပေ။

"ပုချေက အမေးအမြန်း အားကြီးထူတာပဲ ယောက်ဖကြီး၊ ကျွန်တော့်ကိုလည်း ပေါက်ကရ ရှစ်သောင်း အားကြီးမေးတယ်၊ ပုချေမေးတာကိုဖြေဖို့ ကျွန်တော်လည်း ယောက်ဖကြီးနည်း မှတ်ထားရ

မယ်"

ပုချေဆိုသည် မှာ မြသက်စောကို ချစ်စနိုးခေါ်ခြင်းဖြစ်သည် ။

ရခိုင်မှာ က ယောက်ဖတော်သူကို ပြောင်ပြောင်တင်းတင်းပင် ယောက်ဖဟု ခေါ်ရ၏။ ဤ သည် ကို သူတို့ ဒေသက ရိုင်းသည် ဟု မယူဆပေ ။ ယောက်ဖတော်လျက်နှင့် အစ်ကိုခေါ်လျှင်လည်း ကောင်း၊ မရီးတော်လျက်နှင့် အစ်မခေါ်လျှင်လည်းကောင်း၊ ခဲအိုတော်လျက်နှင့် အစ်ကိုခေါ်လျှင် လည်းကောင်း ကျားကိုက်တတ်သည် ရိုင်းသည် ဟု ပြစ်တင်စကားဆိုတတ်ကြသည် ။ ဤသည် မှာ သူတို့ ရခိုင်သားတွေ၏ ရပ်ဓလေ့ ရွာဓလေ့ဖြစ်သည် ။

"မချေက ဒီကနေ့ သိပ်လှတာပဲ"

ကလေးစိတ်ပြောင်းသွားအောင် ဟူသော သဘောဖြင့် ဤစကားကိုတော့ ဦးကျော်စံက ပေါ့ပေါ့ပင်ပြောသည် ။

ပါပါ၏ စကားကြောင့် မြသက်စောမှာ ရှက်ပြုံးပြုံးလိုက်ရသည် ။

"ပါပါ မချေ ရှင်ပြုပွဲ သွားတော့မယ်နော်"

"အေး. . .သွားသွား၊ မချေ ဂိုးဂိုကော"

"ဂိုးဂို ညကပင် အိမ်ပြန်မအိပ်ဘူး ပါပါ၊ အလှူမှာ နေမှာ ပေါ့"

ဂိုးဂိုမှာ ကိုကိုဟု ပြောခြင်းဖြစ်သည် ။

မြသက်စောသည် ဖိနပ်ကိုချွတ်ကာ သူ့အဖေအား ဒူးတုပ်ဦးချလိုက်သည် ။

အိမ်ခြံဝင်းထဲက ထွက်ရမည်ဆိုလျှင် ဝေးသည် နီးသည် မဟူ ဖခင်ကြီးအား ဦးသုံးကြိမ်ချပြီးမှ သွားလာတတ်သော အလေ့ထမှာ ဦး

ကျော်စံ ငယ်စဉ်ကပင် သင်ထားသော သမီးငယ်၏ အလေ့ အကျင့်ပင်။

ဤအလေ့အကျင့်မှာ မြသက်စောသာမဟုတ်။ ကျော်သူရကိုလည်း ဦးကျော်စံက သင်ထား သည် ။ ဦးကျော်စံသည် လည်း အမေ၊ အဖေတို့ ရှိစဉ်က အိမ်ဝင်းထဲမှ ထွက်မည်ဆိုလျှင် မိဘနှစ်ပါးကို ဦးချပြီးမှ သွား တတ်သည် ။ ဤသည် မှာ မိလိုက်ဖလာ အယူအဆနှင့် ဘာသာတရား ၏ ကိုင်းရှိုင်းမှု အမှတ်လက္ခဏာပင်တည်း။

မြသက်စောသည် သူ့ပါပါအား ဒူးတုပ်ဦးချရာတွင် ပိုးလုံချည်အင်္ကျီ အပေါ် ကပ်ပါလာသော သလဲများကို အသာအယာပုတ်ခါလိုက်သည် ။ ဧကနှစ်ဆယ်ကျော် ကျယ်ဝန်းသော အုန်းခြံကြီးထဲတွင် မည်သည့်နေရာ တွင် မဆို လုံချည်ကောင်း အင်္ကျီကောင်းတွေနှင့်ပင် လှဲအိပ်နိုင်သည် ။ ပြန်ထလျှင် ခါပစ်ရုံနှင့် ထင်းခြင်းပေခြင်း မရှိဘဲ သလဲများ သည် လွင့်စ ဉ်ကျသွားတတ်သည် ။ ငယ်စဉ်ဘဝကို စိတ်မကောင်းဖြစ်နေသော ဦး ကျော်စံမှာ သမီးငယ်ကြောင့် စိတ်အနည်းငယ် ကြည်လင်သွားလေ သ ည် ။

သို့သော် အတိတ်ကအရိပ်များ သည် လုံးလုံးလျားလျားတော့ သူ၏ အဇ္ဈတ္တသန္တာန်တွင် ကြည်လင်သွားခြင်း မရှိသေးပေ။

***

# အခန်း(၃)

ရာဇဝင်ဂြိုဟ်ပြည့်ဌာနက ကာကတဲ့ လူမော်၊

ဒါနနဲ့ တူပျော်မယ် အလှူတော်ခုပေး၊

ဒါနနဲ့ တူပျော်မယ် အလှူတော်ခုပေး. . .။

ရွာအလှူအသံချဲ့စက်မှ ဓာတ်ပြားသီချင်းသံများ အစား ကာလသား တို့ ၏ ဒိုးပတ်ဝိုင်းမှ အသံဗလံတို့ ကို ကြားလာရပြန်သည် ။

ဦးကျော်စံသည် အုန်းခြံကြီးထဲတွင် တစ်ယောက်ထီးတည်း လမ်း လျှောက်၍ အတွေးသီနေ ၏။ သူ့ယောက်ဖနှင့် သူ့ညီမတို့ မှာ အုန်းတက် သမားများ ခုတ်ထားခဲ့သော အုန်းသီးခြောက်တွေကို ကောက်၍ အိမ် အောက်သို့ အခေါက်ခေါက်အခါခါ သယ်ယူနေကြသည် ။

လမ်းလျှောက်၍ ခြေသလုံးတောင့်လာသောအခါ ဦးကျော်စံမှာ အိမ် ပေါ်ပြန်တက်ပြီး ဓမ္မပဒ စာအုပ်ဖတ်သည် ။ ယနေ့၌ သူ၏ စိတ်သည် တ ည်ငြိမ်မှုမရှိပေ။ ရွာဆီမှ သီချင်းသံကြားတိုင်း စိတ်က ရွာကိုရောက်နေ သည် ။ ထို့ကြောင့် စိတ်တည်ငြိမ်စေခြင်းငှာ ဓမ္မပဒစာအုပ်ကို ဖတ်နေခြ င်းဖြစ်သည် ။ သို့သော် သူ့စိတ်ထဲက ရွာသို့ ရောက်လိုက်၊ စာအုပ်ထဲက တရားဓမ္မ၏ အဆုံးအမဆီ ရောက်လိုက်နှင့် စိတ်ကိုချုပ်တည်းမရ ချည် နှောင်မရ ဖြစ်နေလေသည် ။ ဂနာမငြိမ်ဖြစ်နေသော ဦးကျော်စံသည် စာ

အုပ်ကိုပိုက်လျက် အိမ်အောက်သို့ တစ်ဖန်ဆင်းလာကာ သံပေါက်ပြားဖြင့် လုပ်ထားသော တန်းလျားရှည်ပေါ် ထိုင်လိုက်သည် ။ ပြီး အုန်းခြံ၏ တစ်ဖက်အဆုံးဖြစ်သော အင်းမြစ်ကမ်းခြေဘက် သို့ အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေပြန်သည် ။

သူထိုင်နေသော သံပေါက်တန်းလျားမှာ ဒုတိယကမ္ဘာစစ်အတွင်းက လမ်းခင်းလေယာဉ် ကွင်းလုပ်သော သံပေါက်ပြားလေးခုကို ကုလားထိုင်တန်းလျားကို လုပ်ထားခြင်းဖြစ်သည် ။ ခြေထောက်နှစ်ပြား အခင်းတစ်ပြား၊ နောက်မှီတစ်ပြား ဆက်၍ ရသည် ။ သူတို့ ရခိုင်ကမ်းမြောင်ဒေသ သည် သဲကျွံသဖြင့် လမ်းခင်းရာတွင် လည်းကောင်း၊ လေယာဉ် ယာယီကွင်းလုပ်ရာတွင် လည်း ကောင်း အင်္ဂလိပ်၊ အမေရိကန်စစ်သားများ သည် ဒုတိယကမ္ဘာစစ်အတွင်းက ဤသံပေါက်ပြားများ ကို ကမ်းရိုးတန်းတစ်လျှောက်လုံး၌ အသုံးပြုခဲ့ကြသည် ။ စစ်ကြီးပြီးသွားသောအခါ ဤသံပေါက်ပြား များကို ဒေသခံပြည်သူများက ခြံကာ ကုလားထိုင်တန်းလျားလုပ်၊ အိမ်ခင်းနှင့် အမျိုးမျိုးအသုံးပြုခဲ့ ကြသည် ။

ကမ်းလွန်သာမြို့ လေယာဉ်ကွင်းသည် ယခုထိ လေယာဉ်ပြေးလမ်း၌ ထိုသံပေါက်ပြားတွေကို ခင်းထားသေး၏။

ဦးကျော်စံ၏ အိမ်ရှေ့က ခြံစည်းရိုးကို ထိုသံပေါက်ပြားများ ဖြင့်ပင် ကာထား၏။ အုန်းခြံထဲ တွင် အညောင်းပြေအညာပြေ ထိုင်ရန်ကိုလည်း အုန်းပင်ခြေရင်းများ ၌ ထိုသံပေါက်ပြားများ ဖြင့် တန်းလျား ကုလားထိုင်များ လုပ်ထားလေသည် ။ ဦးကျော်စံ၏ အုန်းခြံကြီးထဲတွင် ထိုတန်းလျားမျိုး ဆယ်လုံးကျော်ရှိသည် ။ ဤဒေသကလူများ ဤသံပေါက်ပြားများကို ဤသို့ဖောခြင်းသောခြင်း သုံးနေကြခြင်းမှာ ဒုတိယကမ္ဘာစစ်အပြီးတွင် ထိုသံပေါက်ပြားသည် သူတို့ ဒေသ၌ တောင်ပုံရာပုံ ကျန်ရ

စ်သဖြင့် ဖြစ်လေသည် ။

နေရောင်ခြည်သည် အုန်းလက်ရိုးတံညို အကြိုအကြားမှ ဦးကျော်စံ ထိုင်နေသော ကုလားထိုင် တန်းလျားပေါ်သို့ ပြိုးပြိုးပြောက်ပြောက် ကျ လာသည် ။ အုန်းခြံကြီးကြောင့်သာ နေလုံးကို မမြင်ရ သေးသော်လည်း နေဝန်းသည် ထန်းတစ်ဖျားနီးပါး မြင့်တက်နေပြီဖြစ်သည် ။ အချိန်မှာ နံ နက် ရှစ်နာရီကျော် ကိုးနာရီနီးပါး ရှိနှင့်လေပြီ။ နေရောင်ခြည်ကို မြင်ရ သောအခါ ဦးကျော်စံသည် မောရ သုတ်ပရိတ်ကို တိုးတိုးသာ ရွတ်ဖတ် လိုက်ပြန်၏။

ဥဒေတယံ စက္ခုမာ ဧကရာဇာ၊

ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။ ။

စက္ခုမာ - လူအပေါင်းတို့ ၏ မျက်စိနှင့်တူသော အလင်းရောင်ကို ဆောင်နိုင်ပေထသော၊ ဧကရာဇာ - အရောင်များ တွင် ပြိုင်ယှဉ်ဘက်က င်း တစ်ပါးတည်းသော မင်း ဖြစ်ပေထသော၊ ဟရိဿ ဝဏ္ဏော - ရွှေအ ဆင်းနှင့်တူသော အဆင်းရှိပေထသော၊ ပထဝိပ္ပ ဘာသော - မြေပြင်၌ အန္တံ့ပင် ထွန်းလင်းပေထသော၊ အယံ - ဤနေမင်းသည် ၊ ဥဒေတိ - တ က်ထွန်းပေါ်ထွက်လာပေ၏။

အလှူမှ ဒိုးပတ်သံသည် ပို၍ ဆူညံလာ၏။ ရှင်လောင်းလှည့်ရန် စိုင်းပြင်းနေကြရော့မည်ဟု ဦးကျော်စံက စိတ်မှန်းနှင့် တွေးဆနေမိသ ည် ။ ထိုအချိန်၌ပင် တီးမှုတ်သံများ သည် တိခနဲ ယတိပြတ် ရပ်သွားကြပြီး လူသံသူသံများ ဆူညံလာသံကို ကြားရသည် ။

ဦးကျော်စံသည် အာရုံများ အားလုံးကိုရပ်၍ ရွာဘက်သို့ နားစွင့်မိလို က်သည် ။ လူသံသူသံတို့ က ဆူညံမြဲပင်။ "ဘာများ ဖြစ်ကြပါလိမ့်"ဟု ဦး ကျော်စံက ရွာဘက်သို့ ငေးနေမိပြန်သည် ။

ဤလို ရှင်ပြုရဟန်းခံပွဲများ တွင် သူတို့ နယ်တစ်ဝိုက်၌ အများ ဆုံး ပြဿနာဖြစ်ရသည် မှာ အလှူရှင်နှင့် ကာလသားသမီးများ ပင်။ အလှူ တွင် လိုသလောက်သော ရေကို ခပ်ပေးကြရသော ကာလသား ကာလ သမီးများ သည် အလှူရှင်၏ ဆင်းရဲချမ်းသာကိုလိုက်၍ သူတို့ အား အ လှူရှင်က ပေးသောငွေ နည်းသည် ဟု ယူဆလျှင် ရေဆက်မခပ်၊ ရှင် လောင်းမလှည့်တော့ဘဲ ဆန္ဒပြကာ အလှူမှ ချက်ချင်းစုရုံးထွက်ခွာကြ သည် ။ သို့မဟုတ် သူတို့ ခပ်ပေးသောရေကို အလှူရှင်က မိမိကိုယ်ကျိုး အတွက် ကလေးရေချိုးခြင်း၊ နွားရေတိုက်ခြင်း စသည် တစ်စုံတစ်ခု ပြု လုပ်သည် ကို ကာလသား ကာလသမီးတစ်ယောက်ယောက်က မြင်သွား လျှင်လည်း ဤပြဿနာမျိုး ဖြစ်တတ်သည် ။

ကာလသား ကာလသမီးတွေ ခပ်ပေးသော ရေကို ပုဂ္ဂလိကအတွက် သို့မဟုတ် အလှူနှင့် မဆီ မဆိုင်သော နေရာမျိုးတွင် လုံးဝအသုံးမချရ ပေ။

ကာလသား ကာလသမီးများ ခပ်ပေးသော ရေကို ရဟန်းသံဃာများ ကလွဲပြီး မည်သူတစ်ဦး တစ်ယောက်မှ လည်း မချိုးမဖွပ်မလျှော်ရပေ။ ထို့ကြောင့် ဤပြဿနာမျိုးများ တစ်စုံတစ်ရာ ဖြစ်လေ သလားဟု ဦး ကျော်စံက ရွာဘက်သို့ငေး၍ တွေးနေသည် ။ ရွာအလှူတွင် သူ့သားကြီး ကျော်သူရနှင့် သမီးငယ် မြသက်စောတို့ ရှိနေသည် မဟုတ်ပါလား။

အိမ်နောက်ဘက် အုန်းခြံမှ သည် အိမ်ရှေ့ ခရေပင်အောက်သို့ ဦး ကျော်စံက ချိုင်းထောက်ကြီး ကိုမ၍ လျှောက်လာ၏။ ဦးကျော်စံ၏ အိမ် နှင့် ရွာမှာ တစ်ခေါ်နီးပါးသာ ဝေးသဖြင့် အော်ကြဟစ်ကြ ဆဲကြဆိုကြ သံကို ဝါးဝါးထွေးထွေး ကြားနေရ၏။ အိမ်နှင့်ရွာသည် လယ်ကွင်းပြင် တစ်ခုသာ ခြားလျက်ရှိလေသည် ။

လယ်ကွင်းပြင်ထဲတွင် ရွာဘက်မှ ပြေးလာသော မိန်းကလေးတစ်ယောက်၏ ရုပ်သဏ္ဍာန်ကို မြင်ရသောအခါ ဦးကျော်စံ၏ ရင်ထဲမှာ ချက်ချင်းထိတ်သွားသည် ။ သမီးငယ်နှင့် ပတ်သက်၍ ပြဿနာ တစ်စုံတစ်ခု ဖြစ် လာပြီဟူသော အသိက ဦးကျော်စံ၏ စိတ်ကို ချက်ချင်းလှုပ်နှိုးလိုက်သည် ။

ထိုအခါ သူ့ခြေထောက်သည် ခြံဝအထိ ရောက်သွားမိသည် ။

"ပါပါ. . . ပါပါ"

ရွာဘက်မှ ပြေးလာသော သမီးငယ်သည် သူ့ခြေထောက်တစ်ဖက်ကို ဖက်ကာ အမောတကော ငိုတော့သည် ။

ဘာဖြစ်လာမှန်းမသိသော ဦးကျော်စံမှာ ခဏတော့ ကြောင်သွား၏။

"သမီး ဘာဖြစ်လာတာလဲဟင်၊ ဘယ်လိုဖြစ်ကြတာလဲ ပါပါ့ကို ပြောစမ်း"

ဦးကျော်စံမှ ချုံးပွဲချငိုနေသော သမီးငယ်ကိုကြည့်ကာ သံပြတ်နှင့် မေးလိုက်၏။ သို့သော် သမီးငယ်၏ ဖြေကြားသံကား ပေါ်မလာသေး။ စကားအဖြစ် ငိုရှိုက်သံတွေကသာ ပတ်ဝန်းကျင်ကို ရိုက်ခတ်နေသည် ။

"ဟဲ့ သမီး ဘာဖြစ်လာတာလဲ၊ ပါပါ့ကိုပြောလေ၊ ငါ့သမီးကို ဘယ်သူက စော်ကားလို့ လဲဟင်၊ ဘယ်လူက ဘာပြောလို့ လဲ"

ဦးကျော်စံက အသံခပ်မာမာနှင့် မေးလိုက်တော့မှ သမီးငယ်၏ အသံက ပေါ်ထွက်လာ၏။

"သ. . .သမီးကို အလှူမှာ ကွမ်းတောင်ပန်းတောင် ကိုင်ရမယ်ဆိုပြီး ကာလသားခေါင်းနဲ့ အများက ကွမ်းတောင်အပ်ကြတယ် ပါပါ၊ ဒါပေမဲ့ အလှူရှင်ရဲ့ ဆွေမျိုးဆိုလား လူကြီး တစ်ယောက်က အရက်မူး လာပြီး မ

ချေလက်ထဲက ကွမ်းတောင်ကိုလုတယ်၊ မချေနဲ့ ကွမ်းတောင်နဲ့ မတန် ဘူးတဲ့ ၊ သူ့တူမ ခိုင်ဇင်ဝေကသာ ဒီပွဲမှာ ကွမ်းတောင်ကိုင်ရမယ်တဲ့ ၊ ပြီး . . .ပြီး သမီးကို 'ချောက်ခိုးမ' သမီးက သူတို့ ဆွေမျိုးအလှူမှာ ပန်းတော င်လာကိုင်တာ ရှာနာတယ်တဲ့ ၊ ကာလသား ခေါင်းနဲ့ လူပျိုအုပ်တွေက ကိုင်ခိုင်းပေမဲ့ သူက မကိုင်ခိုင်းဘူးတဲ့ ၊ ဒါသူ့အမိန့်တဲ့ ၊ သမီးကို လူတော ထဲမှာ ဆဲတယ် ပါပါ၊ မချေ သိပ်ရှက်တာပဲ၊ မချေကို ချောက်ခိုးမ သမီး တဲ့ ၊ သမီးကို အီးယောင်(အမေ)က ချောက်ခိုးပြီး မွေးသတဲ့ ၊ သမီး 'ချော က်ခိုးမ' သမီးလား၊ ချောက်သား ပေါက်မလား၊ ပါပါဟာ မချေအဖေ ဟု တ်လား"

"ချောက်ခိုးမ သမီး"ဆိုသည် မှာ သူတို့ ရခိုင်များ ၏ အရပ်စကားဖြစ် သည် ။

ချောက်ခိုးမ သမီး၊ ချောက်သားပေါက်မ ဆိုသည် မှာ အဖေမပေါ်ဘဲ ရသော သမီး၊ သို့မဟုတ် အမေက သူ၏ တရားဝင်ခင်ပွန်း ယောကျ်ားနှ င့်မွေးသော ကလေးမဟုတ်ဘဲ တခြားယောကျ်ား တစ်ယောက်ယောက် နှင့် ဖောက်ပြန် နောက်မီးလင်း၍ မွေးသော သမီးဟု ဆိုခြင်းဖြစ်သည် ။

အမာရွတ် အဖုအထစ်တို့ ဖြင့် နဂိုကပင် အရုပ်ဆိုး အကျည်းတန်လွ န်းသော ဦးကျော်စံ၏ မျက်နှာမှာ သမီးငယ်၏ စကားကို ကြားရသောအ ခါ ကြည့်ရက်စရာမရှိလောက်အောင်ပင် ပို၍ အရုပ်ဆိုး အကျည်းတန် သွား၏။ ထောင်ထလာသော မေးကြောကြီးများ နှင့် အံကိုတင်းတင်းကြိ တ် ကာ ကျောက်ရုပ်ပမာ ဖြစ်သွားမိသည် ။

နှစ်ပေါင်းနှစ်ဆယ်နီးပါး ပျောက်ကွယ်နေခဲ့သော ဤစကားကို ယခု သမီးငယ်ဆီကတစ်ဆင့် ကြားရသောအခါ ဦးကျော်စံ၏ စိတ်မှာ လူတွေ အားလုံးအား နာကြည်းခြင်း၊ ဒေါသထွက်ခြင်း၊ အထင်သေးခြင်း၊ စက်

ဆုပ်ရှုံ့ရှာခြင်း၊ ရှက်ရွံ့ခြင်းတို့ နှင့် ရင်ထဲဆို့သွားလေသည် ။ ထို့ကြောင့် လည်း ငိုကြီးချက်မနှင့် မေးနေသော သမီးငယ်ကို မည်သို့ဖြေရ ပြောရမှန်းမသိဘဲ ခဏတော့ ကျောက်ရုပ် ပမာ ဖြစ်နေခြင်းပင်။

"ပြော. . .ပြောစမ်းပါ ပါပါရယ်၊ သမီး. . .ချောက်ခိုးမ သမီးလားဟင်၊ မချေကို အီးယောင် (အမေ)က ချောက်ခိုးမလို့ မွေးတာလား၊ မချေမှာ အဖေမရှိဘူးလားဟင်၊ ပါပါက မချေအဖေ မဟုတ်လား၊ ပြောစမ်းပါ၊ သမီးကို မှန်တဲ့ အတိုင်းသာ ပြောစမ်းပါ ပါပါ"

ဖြစ်နိုင်မည်ဆိုပါလျှင် ဦးကျော်စံသည် ဤအကြောင်းများကို လုံးဝမပြောလိုလှပေ။ အတိတ် က ဖြစ်ရပ်အားလုံးသည် သူသည် အိပ်မက်ပမာသာ နေကာနှင်းပျောက် ဖြစ်စေချင်လှသည် ။ သို့သော် စိတ်မှတ်ကြီးသူ စိတ်ဓာတ်ခက်ထန်သူ သမီးငယ်အား လုံးဝမပြောဘဲ နေလိုက်လျှင် ဤပြဿနာမှာ မည်သည့်နည်းနှင့်မျှ ပြေလည်သွားလိမ့်မည် မဟုတ်ပေ။ သမီးငယ်၏ တစ်စုံတစ်ခုသော သံသယ စိတ်သည် အနှစ်နှစ်ဆယ်နီးပါး အေးချမ်းလာသော သူ၏ ငြိမ်းချမ်းကမ္ဘာကြီးကို မုချဖျက်ဆီးလာ တော့မည် ဆိုသည် ကို ဦးကျော်စံက ချက်ချင်းသိလိုက်လေပြီ။ ဤကြမ္မာဆိုးသည် ဘယ်အငြိုးနှင့်များ သူ့ကို ယခုထိလိုက်ပြီး ဒုက္ခပေးနေပါလိမ့်။ ဦးကျော်စံ၏ မျက်လုံးအိမ်ထဲမှ မျက်ရည်တို့ သည် ဝေ့စပြု လာ၏။

"ပြောစမ်းပါ ပါပါရယ်၊ မချေကို ပါပါက မပြောတာက မချေက တကယ် ချောက်ခိုးမ သမီးမို့လား၊ တကယ်ဟုတ်နေလို့ ပါပါ မပြောရဲတာလား"

"မ. . .မဟုတ်ရပါဘူး သမီးရယ်၊ မဟုတ်ရပါဘူး၊ အရက်မူးသမားတစ်ယောက်ရဲ့ စကားကို သမီး အတည်ယူလို့ ရမလား၊ သမီးဟာ မိ

ကောင်းဖခင် သားသမီးတစ်ယောက်ပါ၊ ပါပါဟာ သမီး. . ."

"ဟော့ ဟိုသမီးအဘတွေ ဘယ်လိုဖြစ်နေကြတာလဲ၊ ကြည့်စမ်းပါဦး၊ ပုချေကလည်း ငိုလို့ ပါ လား၊ ဟင်. . .ပုချေ. . .ပုချေ. . .ပုချေ. . .ဘာဖြစ်လို့ လဲဟင်"

မြသက်စော၏ အရီးချေ ဒေါ်ဖြူနုမသည် ဦးကျော်စံနှင့် မြသက်စောတို့ ရှိရာသို့ ချက်ချင်း ပြေး လာပြီး မြသက်စောကို ဆွဲထူပြီးမေးလိုက်၏။

"မချေက ချောက်သားပေါက်မ၊ ချောက်ခိုးမသမီးတဲ့ အရီးချေ၊ ချောက်ခိုးမသမီးက ပန်းတောင် မကိုင်ရဘူးတဲ့ ၊ ရွာနာတယ်တဲ့ ၊ မချေကိုင်ထားတဲ့ ပန်းတောင်ကို အတင်းလုကြတာ၊ မချေ သိပ်ရှက်တယ်"

ဦးကျော်စံ၏ ခြေထောက်တစ်ဖက်ကို ဖက်ငိုနေရာမှ သူ့အဒေါ်က ပွေ့ထူလိုက်သောအခါ မြသက်စောမှာ သူ့အဒေါ်ကို ပွေ့ဖက်ကာ ပြောငိုနေပြန်သည် ။ မြသက်စော၏ စကားကို ကြားရသော အခါ ဒေါ်ဖြူနုမှာ မျက်လုံးပြူးသွားပြန်သည် ။ ဤပြဿနာ၏ တစ်စွန်းတစ်စ အရိပ်အယောင်များ ကို စက်ဆုပ်ရွံရှာခဲ့သော ဦးကျော်စံသည် ဤပြဿနာ ပေါ်လာမှာ စိုး၍ လူနှင့်သူနှင့်ဝေးသော ရွာပြင် ထွက်ကာ အနှစ်နှစ်ဆယ်နီးပါး လူတွေကို ရှောင်ရှားခဲ့သည် ။ သို့သော် ဤပြဿနာသည် သူ၏ သွားရာနောက်ကို အရိပ်ပမာ လိုက်လာပြန်ချေပြီ။

ဒေါ်ဖြူနုမသည် သူ့အစ်ကိုကြီး ဦးကျော်စံ၏ မျက်နှာကို အဓိပ္ပာယ်ပါပါ တစ်ချက်လှမ်းကြည့် လိုက်သည် ။ ရုတ်တရက်တော့ ဒေါ်ဖြူနုမမှာလည်း မြသက်စောအား မည်သို့ပြောရမှန်းမသိ ဖြစ်သွား မိသည် ။ ပါပါနှင့် အရီးချေတို့ က ဤသို့ ရုတ်တရက် မဖြေနိုင်ကြသည် ကိုပင် မြသက်စောကလည်း သံသယများ စွာ ဝင်စရာဖြစ်လာသည် ။

"တောက်. . ."

ဦးကျော်စံ၏ တောက်ခေါက်သံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ဟိန်းထွက်သွားသည် ။

"ဖြူမ ခရေစေ့တွင်းကျ မသိသေးဘူး၊ ရွာအလှူမှာ မချောကို ကာလသားခေါင်းနဲ့ လူပျိုအုပ် တွေက ပန်းတောင်ကွမ်းတောင် ကိုင်ခိုင်းကြတာ အရက်မူးသမားတစ်ယောက် ရောက် လာပြီး မချော ကို ချောက်ခိုးမသမီး၊ ချောက်သားပေါက်မ၊ နင်နဲ့ ပန်းတောင်နဲ့ မတန်ဘူးဆိုပြီး ပန်းတောင်ကို ဝင်လု လို့ တဲ့ ၊ အဲဒါကြောင့် မချောငိုပြီးပြန်လာတာ၊ ငါ့သမီးကို လူတောထဲမှာ သက်သက်အရှက်ခွဲတာ၊ အဲဒီ ကောင်ကို မချော မသိဘူးလားဟင်၊ မချောကို အဲဒီလိုပြောတာ ဘယ်ကောင်လဲ"

ဦးကျော်စံသည် သူ့ညီမအား ဖြစ်ကြောင်းကုန်စင် ပြောလိုက်သည့်အပြင် သူ့သမီးကိုလည်း ထပ်ဆင့်မေးခွန်း မေးလိုက်၏။

"အဲဒီလူကို မချော မြင်လည်း မမြင်ဖူးဘူး၊ သိလည်း မသိဘူး ပါပါ၊ ဒီကနေ့မှ မြင်ဖူးတာ၊ သမီးကို လူတောထဲမှာ သက်သက်အရှက်ခွဲတယ်၊ သမီး သိပ်ရှက်တယ်"

မြသက်စောတို့ မှာ အလှူအတန်းရှိမှ ရွာသို့ သွား လာလေ့ရှိသဖြင့် အိမ်ခြေလေးရာကျော် ငါးရာနီးပါးရှိသော ရွာကြီးသားများကို အကုန်မသိနိုင်ပေ။

ဒေါ်ဖြူနုမသည် မြသက်စော၏ ခေါင်းကိုပွတ်ကာ အစ်ကိုနှင့်တူမကြား ယခုထိ မည်သို့ ဝင်ပြောရမှန်းမသိ ဖြစ်နေသေး၏။

"မချောလက်ထဲက ဒီကောင် ပန်းတောင်လာလုတဲ့ အချိန်မှာ ကျော်သူရကောဟင်၊ မချောအနား မှာ မရှိဘူးလား၊ ဒီကောင်က ဘာမှ ဝင်မပြောဘူးလား"

"ဂိုးဂိုက ထမင်းကျွေးမဏ္ဍပ်မှာ တာဝန်ကျနေတာ၊ မချေက အဲဒီလူ ပန်းတောင်လာလုတုန်း က မချေအနားမှာ ဂိုးဂိုမရှိဘူး"

မြသက်စောမှာ အငိုရပ်၍ သူ့အဒေါ်ကိုဖက်ကာ ရှိုက်နေသေးသည် ။

"ကဲပါ ပုချေရယ်၊ မောင်ကျော်သူရ ပြန်လာတော့ အဲဒီလူ ဘယ်သူဆို တာ မေးရမှာ ပေ့ါ၊ ဒီလို လူတောထဲမှာ အသရေဖျက် အရှက်ခွဲလုပ်တာ တရားတဘောင်ဆိုရရင်လည်း အရီးချေတို့ က အနိုင် ပဲ၊ ကဲ တိတ်တိတ် ငိုမနေနဲ့ ၊ ကျော်သူရလာမှ အကြောင်းစုံ သိရမှာ ကိုး"

"အဲဒီကောင် တူမက ဘယ်လူ. . ."

"ခိုင်ဇင်ဝေတဲ့ "

ခက်သည် မှာ နောက်ပေါက်လူငယ်တွေကို ဦးကျော်စံကလည်း မသိ ပေ။

ဦးကျော်စံသည် သက်ပြင်းတစ်ချက်ကို ခပ်ပြင်းပြင်းချလိုက်သည် ။

"ခိုင်ဇင်ဝေ ဦးလေးဆိုတာ အရီးချေကလည်း မသိတော့ ခက်ပါသေး တယ်၊ ကဲပါလေ. . .အရက်သမားက ပြောတိုင်းယုံရမလား၊ ဒီဟာတွေ့ လား၊ ဒါက မချေ အဖေမဟုတ်လို့ သူ့အမေ လင်လား၊ မချေအီးယောင်( အမေ)ကလည်း မချေတစ်နှစ်ကျော်အရွယ်မှာ ရွာကို သူပုန်ဝင်စီးလို့ သေသွားတာပဲ၊ အဲဒီတုန်းက အိမ်ကိုတောင် သူပုန်တွေ မီးရှို့သွားကြတ ယ်ဆိုတာ မချေကို ပါပါကရော အရီးချေကပါ ပြောပြဖူးတာပဲ မဟုတ် လားလို့ ၊ မချေ ပါပ့ါမျက်နှာက မီးလောင်ဖုတွေ ဟာ အိမ်ကြီးမီးလောင် တော့ မချေကို ဝင်ကယ်လို့ ဖြစ်ရတာ၊ ခြေထောက်ကတော့ သူပုန်တွေနဲ့ ပစ်ကြလို့ ထိတာလေ၊ မချေမှာ အဖေရော အမေရော ရှိတာပဲ၊ ဘာလို့ ချောက်သားပေါက်ရမှာ လဲ၊ အရီးချေတို့ အမျိုးမှာ ဒီလိုဗိဗီ အကျင့်ပျက်

မ ပဒုမပေါင်တိုမယား မရှိဘူး၊ သင်းတို့ အမျိုးထဲမှာ သာ ဗိဗိမတွေရှိလို့ ပြောတာနေမှာ ပေ့ါ"

ဒေါ်ဖြူနုမ၏ နှုတ်က မရပ်ပြန်တော့ပေ။

"အရက်သမား အပါယ်လားတွေဆိုတာ ဒီလိုပဲ ပြောတတ်ကြတာပဲ၊ သူ့တူမ ပန်းတောင် မကိုင်ရလို့ မနာလိုလို့ ပြောတာပဲ၊ ကဲ တိတ်တိတ် ငို မနေနဲ့ တော့၊ မင်းပါပါ စိတ်မချမ်းသာအောင် မလုပ်ပါနဲ့ ကွယ်နော်၊ မ ချောက လိမ္မာပါတယ်၊ ကဲ လာ သင်းတို့ ရှင်ပြုပွဲမှာ ပန်းတောင်ကွမ်း တောင် မကိုင်ရလို့ လည်း မချောက အလုံးအရပ်မလျော့ပါဘူး၊ အလှလ ည်း ပျက်မသွားပါဘူး၊ တစ်နေ့ကျ ဒီရွာမှာ ဘယ်သူဟာ ကွမ်းတောင်ပန်းတောင်ကိုင်နဲ့ ထိုက်တန်တယ်ဆိုတာ အများက ဆုံးဖြ တ်ပေး ကြမှာ ပါ၊ ဘာမှ ဝမ်းနည်းမနေနဲ့ လာ၊ ငါ့တူမကို အမနာပပြော တာ ဘယ်ကောင်လဲဆိုတာ ညနေကျမှ တရားနာတဲ့ လူပုံအလယ်မှာ အ ဒေါ်သွားဆိုလိုက်ဦးမယ်၊ လာလာ. . .ဘာမှ ဝမ်းနည်းမနေနဲ့ "

ဒေါ်ဖြူနုမသည် မြသက်စောကို ချော့မော့ ဖျောင်းဖျကာ ခြံဝမှ ဆွဲခေါ်လာချိန်တွင် အုန်းသီး ခြောက်တွေ သွားကောက်နေသော သူ့ ယောက်ျား ဦးဘမောင်ကလည်း ပြေးလာ၏။ စိတ်မကောင်း စွာနှင့် ခြံဝ တွင် ကျောက်ရုပ်ပမာ ရပ်ကျန်ခဲ့သေ ဦးကျော်စံကို အိမ်ပေါ်သို့ခေါ်လာရ န် ဒေါ်ဖြူနုမက သူ့ခင်ပွန်းအား အကျိုးသင့်အကြောင်းသင့် ပြောပြထား ခဲ့သည် ။

ဦးကျော်စံနှင့် ဦးဘမောင်၊ ဒေါ်ဖြူနုမ၊ မြသက်စောတို့ အိမ်ပေါ်ရော က်၍ ထိုင်ပင်မထိုင်ရ သေး၊ ကျော်သူရသည် အိမ်ပေါ်သို့ ဒုန်းစိုင်းပြေးတ က်လာ၏။ ချွေးတွေသံတွေနှင့် တစ်ကိုယ်လုံး ပေရေကာ အိမ်ပေါ်သို့ ပြေးတက်လာသော ကျော်သူရဆီ အဒေါ်၊ ဦးလေး၊ အဘ၊ ညီမတို့ ၏ မျ

က်လုံး များက စုပြုံရောက်သွားကြပြန်သည် ။

ကျော်သူရသည် ဘာမပြော ညာမပြောနှင့် သူ့အဖေ အခန်းထဲက ကုပ်ချိုးသေနတ်နှင့် ကျည်ကတ်တွေကိုဆွဲကာ အိမ်ပေါ်က ပြေးဆင်းရန် လှုပ်ရှားလိုက်သည် ။

"ဟဲ့ မောင်...မောင်...မောင်...မောင်..."

"ဂိုးဂို...ဂိုးဂို..."

"ကျော်သူရ...ဟဲ့ လူလေး...လူလေး"

အခြေအနေမှာ ချက်ချင်းရှုပ်ထွေးသွားသည် ။

ငို၍ မှ မျက်ရည်မခန်းသေးသော နှမငယ်နှင့် ဦးလေး၊ အဒေါ်တို့ မှာ ကျော်သူရကို ဝိုင်းဝန်းဆွဲ ကြပြန်၏။

ခြေတစ်ဖက်မသန်သော ဦးကျော်စံကမူ သူ၏ ချိုင်းထောက်ကို ကမန်းကတန်း လှမ်းဆွဲကာ...

"ဟဲ့ လူလေး...လူလေး"ဟု အော်ပြီး ကျော်သူရကို ဟန့်တားရသည် ။

ကာလသားခေါင်းနှင့်တကွ အများ သဘောတူ အပ်နှင်းထားကြသော သူ့ညီမလက်ထဲက ကွမ်းတောင်ကို ဝင်လုသည့်ကိစ္စကြောင့် ကျော်သူရ ဣမှုဒေါသဖြစ်လာသည် ကိုတော့ အားလုံးက မမေးဘဲ သိလိုက်ကြသည် ။

"ဖယ်ပါ မင်းမင်းချေ၊ ကျွန်တော့်ကို လွှတ်ပါ၊ သတ်မယ်...သတ်မယ် ၊ ဒီကောင်တွေကို သတ်ရမှ ကျေနပ်မယ်၊ သက်သက်လူပါးဝကြတာ၊ ရွာပြင်မှာ တစ်အိမ်တည်းနေတယ်ဆိုပြီး မလေးမခန့်လုပ်တာ၊ သတ်မ

ယ်. . .သတ်မယ်. . .ဒီကောင်တွေ သတ်ရမှ ကျွန်တော် ကျေနပ်မယ်"

ညီမ၊ ဦးလေး၊ အဒေါ် စသည့် လူသုံးယောက် ဝိုင်းဝန်းဆွဲထားကြသည့် ကြားထဲက ကျော်သူ ရသည် အတင်းရုန်းကာ သူ့ဦးလေးလက်ထဲက သေနတ်ကို ပြန်လုနေ၏။

"ဟဲ့. . . မောင်မောင်၊ မင်းသေနတ်ကို လွှတ်လိုက်စမ်း၊ ဒီလိုလုနေကြရင် သူများကို မပစ်ရ ဘဲ မင်းတို့ အရင်သေကုန်ကြလိမ့်မယ် သိလား"

ဦးကျော်စံ၏ အသံကို ကြားရသောအခါ ကျော်သူရမှာ နည်းနည်းငြိမ်သွားသည် ။ သို့သော် ဦးလေး၏ လက်ထဲက သေနတ်ကိုကား လှမ်းကိုင်ထားတုန်းပင် ရှိသေး၏။

"လူလေး ဘယ်လိုဖြစ်ကြတာလဲ ပါပါ့ကိုပြောစမ်း"

"ကျွန်တော်တို့ ကို သက်သက်အရှက်ခွဲတာ စော်ကားတာ ပါပါ၊ မချောကို ကာလသားခေါင်း နဲ့ လူပျိုအုပ်တွေက ပန်းတောင်အပ်ထားကြတာ၊ သူက ဘာမှ မဆိုင်ဘဲနဲ့ မချောလက်ထဲက ကွမ်းတောင်ကို ဝင်လုပြီး ခွေးစကားပြောတယ်၊ ဒီခွေးသားကြီးကို သတ်မယ်၊ ကျွန်တော် ခုသွားသတ်မယ် ပါပါ၊ ဖယ်ကြစမ်းပါ"

"မချောလက်ထဲက ပန်းတောင်ကို ဝင်လုတဲ့ ကောင်က ဘယ်ကောင်လဲဟင် လူလေး"

"ဝေပန်း. . .ဝေပန်း"

"တောက်"

"ဟေ. . .ဟုတ်လား၊ ဒီခွေးသား ဝေပန်းကို မင်းမသတ်ရဘူး ကျော်သူရ၊ မင်းမင်းချော ကိုယ်တိုင် သတ်မယ်၊ ဝေပန်းကို မင်းမင်းချောကိုယ်တိုင် သတ်မယ်၊ ကျော်သူရ မင်းက လူလုပ်ဖို့ အများကြီးကျန်သေးတယ်၊

ဝေပန်းကို မင်းမင်းချေကိုယ်တိုင် သတ်ပြီးမှ စက်တိုင်တက်မယ်၊ ခု. . . ဒီကောင် ဘယ်မှာ လဲဟင်၊ အလှူမှာ ပဲ မဟုတ်လား၊ ဒီကောင့်ကို မင်းမင်းချေကိုယ်တိုင် ရှာသတ်မယ်၊ မင်းတို့ အသာနေကြ၊ ငါတို့ ကို တစ်သက်လုံး စော်ကားလာတဲ့ ကောင်၊ ဟေး. . .ဝေပန်း မင်းသေဖို့ ပြင်ပေတော့၊ ဟေး. . .သေဖို့ သာ ပြင်ပေတော့"

အခြေအနေမှာ ရုတ်ခြည်းပြောင်းလဲသွားပြန်၏။

ကျော်သူရလက်ထဲက သေနတ်ကို ဝိုင်းလုနေကြသော ဒေါ်ဖြူနုမနှင့် မြသက်စောတို့ မှာ ယခု တော့ ဦးဘမောင်လက်ထဲက သေနတ်ကို ဝိုင်းလုကြရပြန်သည် ။

ဦးဘမောင်သည် ကျော်သူရလက်ထဲက သေနတ်ကို အတင်းလုပြီး ဝေပန်းဆိုသူကို ပစ်သတ် ရန် အိမ်ပေါ်က ပြေးဆင်းသွားသည် ။

"ကိုရင်. . .ကိုရင်. . .အမလေး လုပ်ကြပါဦး၊ ကိုရင် ဒေါသရှေ့ထားမှားမယ်နော်၊ ဂိုးဂိုကြီး တားပါဦး"

"မင်းမင်းချေ မချေကြောင့်ဖြစ်ရတာ၊ မင်းမင်းချေ ဘာမှ မလုပ်ရဘူး "

ဒေါ်ဖြူနုမနှင့် မြသက်စောတို့ က ဦးဘမောင်၏ နောက်ကို ပြေးလိုက်ကာ အတင်းဆွဲထားကြ ၏။ တစ်ခါဖူးမျှ ဤလောက် ဒေါသမကြီးဖူးသော ဦးဘမောင်ကိုကြည့်ကာ ကျော်သူရနှင့် သူ့အဖေ ဦးကျော်စံတို့ ကတော့ ကြောင်ကြောင်ငေးငေးပင် ဖြစ်သွားကြ၏။

"အို. . .မင်းမင်းချေ ဒီလိုမလုပ်ပါနဲ့ ၊ လူမိုက်တွေနဲ့ တုပမဖြစ်ဖို့ မချေကို မင်းမင်းချေပဲ နေ့တိုင်း တရားချနေတာ မဟုတ်လား၊ မချေကြောင့်ဖြစ်ရတာ မင်းမင်းချေ ဘာမှ မလုပ်ရဘူး၊ ပေးပါ သေနတ်"

"တော်ကလည်း တော်၊ ပြောမရ ဆိုမရနဲ့ ဘယ်လိုဖြစ်နေတာတုံး၊ ဝေပန်းကိုသတ်ရင် တော်ကော မသေဘဲ လွတ်မတဲ့ လား၊ ပြီးတော့ တစ်သက်လုံး မိုက်လာတဲ့ လူမိုက်နဲ့ ဖက်ပြီးများ တော်က ကိုယ့်ဘဝကို အဆုံးခံဦးမလို့ လား၊ ပေးစမ်းပါ သေနတ်"

ဦးဘမောင်အား ဒေါ်ဖြူနုမနှင့် မြသက်စောတို့ က ခြံဝတွင် ဝိုင်းဆွဲထားကြသည် ။ မြသက် စောသည် သူ့မင်းမင်းချေ ဦးဘမောင်လက်ထဲက သေနတ်ကို အတင်းလုပြီး အိမ်ပေါ်သို့ ပြေးတက် လာကာ သူ့အဖေလက်ထဲ အပ်လိုက်သည် ။

ဒေါ်ဖြူနုမကမူ စိတ်မချသေးသော သူ့ယောက်ျားကို ဆွဲ၍ ဆိုတုန်းပြောတုန်း ချော့မော့တုန်း ပင်တည်း။

"ဖယ်စမ်းပါဟယ်. . .ငါတကယ် လူမသတ်ရဲပါဘူး၊ ဒီလို အပါယ်လားမယ့် အရက်သမား တွေနဲ့ ငါပြိုင်မိုက်မလား ဖြူမရယ်၊ ကလေးစိတ်ပြေသွားအောင် တမင်လုပ်ရတ၊ ဖယ်စမ်းဟယ်. . .နင်တို့ ဟာ အရိပ်အကဲလည်း ဘာမှ သိတတ်တာ မဟုတ်ဘူး "

ခြံဝတွင် နှစ်ယောက်တည်းကျန်သောအခါ ဦးဘမောင်က သူ့မိန်းမကို တိုးတိုးလေးပြောလိုက် ၏။

"ဘယ်သိပ့်မလဲ တော်ရယ်၊ ဒီကတော့ တကယ်မှတ်လို့ ရင်တွေတုန်လိုက်တာ၊ တတ်လည်း တတ်နိုင်ကြပါပေ့တော်"

ဒေါ်ဖြူနုမသည် သူ့ယောက်ျားကို မျက်စောင်းခဲပြီး နှုတ်ခမ်းစူပစ်လိုက်၏။

အခြေအနေအားလုံး ငြိမ်သက်သွားသောအခါ ဒေါ်ဖြူနုမသည် မြသက်စော၊ ကျော်သူရနှင့် ခင်ပွန်းသည် တို့ ကိုခေါ်ကာ တမြန်နေ့ကပင် အု

န်းတက်သမားများ ခုတ်ချထားခဲ့သော ခြံထဲက အုန်းသီးများကို စိတ်ပြေ လက်ပျောက် သွားကောက်ကြရန် ချော့မော့၍ ခေါ်သွားလေသည် ။

ဒုက္ခိတအဖေအိုကြီး စိတ်အနှောင့်အယှက်ဖြစ်မှာ စိုး၍ ကျော်သူရနှင့် မြသက်စောတို့ ကလည်း ဒေါသကို အတတ်နိုင်ဆုံး ချုပ်တည်းဖြေဖျော က်ကာ အဒေါ်နှင့် ဦးလေးတို့ နောက် လိုက်သွားကြ သည် ။

အိမ်ကြီးပေါ်တွင် ကား ဦးကျော်စံမှာ တစ်ယောက်ထီးတည်း ကျန် နေခဲ့၏။ အိမ်ကြီးမှာ မုန်းတိုင်းကျပြီးသော အဏ္ဏဝါပြင်ကဲ့သို့ တိတ်ဆိ တ်ငြိမ်သက်နေလေသည် ။ မြသက်စောနှင့် ဖြစ်ကြရ သော ပြဿနာမှာ အမှန်ကတော့ ဘယ်လိုမှ ဖြစ်သင့်ဖြစ်ထိုက်သော ပြဿနာမဟုတ်ပေ။ ဤယနေ့ အပျိုဖော်ဝင်ရသော မြသက်စောအား ကာလသားခေါင်းနှင့် လူပျိုကာလသားအုပ်တို့ က ကွမ်းတောင် ပန်းတောင် ကိုင်ခိုင်းသည် မှာ လည်း အကြောင်းရှိလေသည် ။

ယခင် အလှူတွေတုန်းက သူတို့ သတ်မှတ်ထားသော ကွမ်းတောင် ကိုင် ပန်းတောင်ကိုင် ရွာ၏ ပြိုင်ဘက်မဲ့ အပျိုချောမှာ ရွှေအိမ်သူဖြစ်သ ည် ။ ရွှေအိမ်သူသည် မကြာသေးခင်ကမှ ကျန်းမာ ရေးမှူးတစ်ယောက် နှင့် အိမ်ထောင်ကျသွား၏။ ရွှေအိမ်သူ အိမ်ထောင်ကျသွားသောအခါ ရွာ က အပျိုချောဟု သမုတ်သတ်မှတ်ထားကြသော အပျိုနှစ်ယောက် အပြို င်ဖြစ်နေသည် ။

တစ်ဦးမှာ ဦးဝေပန်း၏ တူမ ခိုင်ဇင်ဝေ မင်းကုန်းရပ်သူနှင့် ကျန်တ စ်ဦးမှာ ဦးကျော်သူ၊ ဒေါ်ဦးမေတို့ ၏ တစ်ဦးတည်းသောသမီး ဖြည့်ဝန်းမ မင်းစုသူတို့ ဖြစ်သည် ။ သူတို့ နှစ်ဦးသည် ရွှေအိမ် သူ အိမ်ထောင်ကျသွားသောအခါ ကွမ်းတောင်ပန်းတောင်ကို သူကိုင်ရမည် ငါကိုင်ရမည်ဟု ရှင်ပြု ရဟန်းခံပွဲ မလုပ်မီကပင်

ကြိုတင်လေလံပစ်နေကြသည် ။ ခိုင်ဇင်ဝေနှင့် ဖြည့်ဝန်းမတို့ မှာ ဆွေဂုဏ် မျိုးဂုဏ်၊ ပစ္စည်းဥစ္စာဂုဏ်တို့ က အတူတူဖြစ်နေကြသည် ။ အပြင်အလှမှာ လည်း သူမသာ ကိုယ်မသာ ဖြစ်လေသည် ။

ဤနှစ်နွေဦးမှာ ခိုင်ဇင်ဝေတို့ ဆွေမျိုးသားချင်းများ ဘက်မှ ရှင်ပြုရဟန်းခံရှိလျှင် ခိုင်ဇင်ဝေ သာ ပန်းတောင်ကိုင်၍ ရှေ့ဆုံးမှ ထွက်ရမည်ဟု လေသံလွှင့်နေကြသလို ဖြည့်ဝန်းမတို့ ဆွေမျိုးသား ချင်းများ ဘက်ကလည်း ရွှေအိမ်သူမရှိလျှင် သူတို့ ၏ သမီး ညီမ တူမ ဖြည့်ဝန်းမသည်သာ ဤနှစ် အလှူပွဲမှာ မုချ ကွမ်းတောင် ပန်းတောင်ကိုင်၍ ဤရွာတစ်ရွာလုံးတွင် ဤသူငယ်မ အလှဆုံးအနေ နှင့် မော့ကြော့ကာ ရှေ့ဆုံးမှ ထွက်ရမည်ဟု လေသံပစ်နေကြပြန်သည် ။

ဖြည့်ဝန်းမနှင့် ခိုင်ဇင်ဝေ နှစ်ယောက်စလုံးမှာ ဆွေကြီးမျိုးကြီးထဲကဖြစ်နေသဖြင့် တစ်ယောက်ကို ပန်းတောင်အပ်လိုက်လျှင် နောက်တစ်ယောက်နှင့် ဆွေမျိုးတွေက ကျေနပ်ကြမည် မဟုတ်ပေ။ ပြီး ဖြည့်ဝန်းမတို့ မင်းစုရပ်နှင့် ခိုင်ဇင်ဝေတို့ မင်းကုန်းရပ်မှာ တည့်ကြသော ရွာနှစ်ရွာမဟုတ်ပေ။ အကြောင်းအမျိုးမျိုးကြောင့် ယခင်ကလည်း ပြဿနာဖြစ်ဖူးခဲ့သည် ။ ရွာကွဲမတတ်ပင် ဖြစ်လိုက်ကြသည် ။

သူတို့ ရွာကို မင်းတောင်ဟု ခြုံ၍ ခေါ်သော်လည်း ရွာသုံးရွာရှိသည် ။ မင်းတက်၊ မင်းကုန်း၊ မင်းစုတို့ ဖြစ်၏။ ဤသို့ သုံးရွာခွဲလိုက်သောအခါ မင်းတောင်ဆိုသော အမည်မှာ အလိုလိုပျောက်သွား လေသည် ။

သူတို့ အရပ်၌ ကွမ်းတောင်ပန်းတောင် ကိုင်ရသော မိန်းကလေးဆွေမျိုး၊ ညီအစ်ကို မောင်နှမ၊ နောက်ဆုံး ရွာသူရွာသားတို့ မှာ အလွန်ဂုဏ်ယူဝင့်ကြွားတတ်ကြသည် ။ မိဘများ အနေက လည်း သူတို့ ၏ သမီးကလေး မြေးမြစ်ရသည် အထိ ကျုပ်သမီး အပျိုတုန်းက ဒီရွာမှာ ဘယ်န

နှစ် ကွမ်းတောင်ပန်းတောင် ကိုင်ခဲ့ရတာဟု အိုမင်းမစွမ်းမှာ ပင် ဂုဏ် ယူဝင့်ကြွားတတ်ကြသည် ။ ကွမ်း တောင် ပန်းတောင် ကိုင်ခဲ့ရသော မိန်းကလေး ဆွေမျိုးတွေမှာ လည်း ထိုနည်းဌင်းပင်။

ထို့ကြောင့်လည်း ဤနှစ်အလှူမှာ သူ့ဘက်ကိုယ့်ဘက် ဖြည့်ဝန်းမနှ င့် ခိုင်ဇင်ဝေတို့ ဘက်မှ ကွမ်းတောင် ပန်းတောင် ကိုင်ရရေးကို ခြိမ်းခြောက်သံပင်ပေး၍ ကာလသားခေါင်းနှင့် လူပျိုအုပ်တို့ ကို ဆွယ် နေကြသည် ။ ဤရွာတွင် မည်သူအလှဆုံး မည်သူ ကွမ်းတောင် ပန်း တောင် ကိုင်ရမည်ဆို သည် မှာ လူကြီးတွေနှင့် လုံးဝမဆိုင်ပေ။ ကာလ သားတွေ၏ မျက်စိနှင့်ကြည့်၍ ဆုံးဖြတ်ကြရသည် ။ ဤသည် မှာ ကာ လသားတို့ ၏ ဆုံးဖြတ်ချက်အပေါ်၌ သာ မူတည်လေသည် ။

တစ်ယောက်ကို ကွမ်းတောင် ပန်းတောင်အပ်လိုက်လျှင် တစ်ယော က်ဘက်က မကျေနပ်၍ တစ်စုံတစ်ခုဖြစ်လာမှာ ကို ကာလသားခေါင်းနှ င့် လူပျိုအုပ်တို့ မှာ ဤပြဿနာအတွက် ခေါင်းရှုပ်နေ ကြသည် ။ ယခင် ကလည်း ရွာတွင် ဤသို့ အပျိုချောနှစ်ယောက် တစ်ပြိုင်တည်း ပေါ်ပေါ က်ဖူးသဖြင့် ကွမ်းတောင် ပန်းတောင်အပ်ကြရာမှ စ၍ ပြဿနာက သူ့ ဘက် ကိုယ့်ဘက် ကာလသား ကာလသမီး များ ပင် ကွဲခဲ့ကြပြီ။ ဤသ ည် ကစ၍ လူပျိုများ ပင် ဟိုရွာဒီရွာ မတည့်ဘဲ ရွာကွဲမလိုဖြစ်ခဲ့ရသည် ။

ဤရာဇဝင်ကိုသိသော ကာလသားခေါင်းနှင့် ကာလသားအုပ် လူပျို အစုမှူးတို့ သည် ဦးဘမှူး တွင် အလှူလုပ်ရန် ကာလသားခေါင်းနှင့် ကာလသားခေါင်းတို့ ကို တရားဝင် အကြောင်းကြားခဲ့စဉ် ကပင်ဖြစ်သ ည် ။ သို့သော် ဖြည့်ဝန်းမနှင့် ခိုင်ဝေဇင်တို့ မှာ ဆွေဂုဏ်မျိုးဂုဏ် ပစ္စည်း ဥစ္စာဂုဏ် ရုပ်ရည် ရူပကာတို့ ပါ တစ်ယောက်တစ်မျိုး အလှချင်းတူညီ နေပေရာ မည်သို့ဆုံးဖြတ်ရမှန်းမသိဘဲ ကာလ သားအုပ်နှင့် လူပျိုခေါင်း

တို့ မှာ ခေါင်းရှုပ်နေကြသည် ။ အဆုံးအဖြတ်မကျ ဖြစ်နေကြသည် ။

ထိုအခါ မင်းတောင်ရွာသို့ လွှန်ခဲ့သော မိုးဦးကမှ ကျောင်းဆရာအဖြစ် ရောက်လာသော ဤ မင်းတောင်ရွာ မင်းကုန်းရပ်မှ ဒေါ်စိန်မြဝေ၏ သား လူပျိုကျောင်းဆရာ ကိုသူမြဆီသို့ ဤပြဿနာက ရောက်လာသည် ။

သို့သော် စိန်မြဝေ၏ သား ကိုသူမြမှာ ဤရွာသားဟု ဆိုသော်လည်း ကမ်းလွန်သာမြို့တွင် ငယ်စဉ်ကပင် ကျောင်းသွားနေပြီး ရန်ကုန်တွင် ကြီးကာ ဘွဲ့ရလာသော ဆရာတစ်ယောက်သာ ဖြစ်သည် ။ ထို့ကြောင့် ဤရွာ၏ အခြေအနေကို ကောင်းစွာသိသူမဟုတ်။ ဆွေဂုဏ်မျိုးဂုဏ်အရမူ သူ၏ ဘိုးဘွားများမှာ မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူဟု အရပ်က လေးစားကြသည် ။ စီးပွား ဥစ္စာအရလည်း မင်းတောင်ရွာတွင် ဆွေစဉ်မျိုးဆက် ကြေးရတတ် လူချမ်းသာမျိုးရိုး ဖြစ်၏။ ယခု ဘီအီးဒီ ပညာတတ်လည်း ဖြစ်သော ကျောင်းဆရာ လူပျိုကို လူကြီး လူငယ် လူရွယ် လူလတ်မရွေး အားလုံးက လေးစားချစ်ခင်ကြ၏။ ဆရာမှာ လူပျိုဖြစ်သဖြင့် မိမိအရပ်သို့ ကျောင်းဆရာအဖြစ် ရောက်လာကတည်းကပင် လူပျိုကြေးပေးပြီးသော ဤရွာ၏ လူပျိုစာရင်းဝင်လည်း ဖြစ်သည် ။

ကိုယ့်ရွာကိုယ့်ပြည်သားမို့ အများက သူ့ကို လူပျိုအုပ်စုမှူးအဖြစ်ပင် တင်ခဲ့ကြသည် ။ သို့သော် သူ၏ တာဝန်မှာ ရပ်ရွာစည်ပင်သာယာရေး ကျောင်းကိစ္စ လူမှုရေး စသည် အလုပ်များကြောင့် လက်မခံပေ။ သာမန် လူပျိုသားတစ်ယောက်အဖြစ်သာ ခံယူထားသည် ။ သူ့အနေမှာ လူငယ်များ နှင့် ရောရောနှောနှော သိပ်မနေပေ။ ဆရာ အလယ်တန်းပြဟူသော သိက္ခာနှင့် လူငယ်ဖြစ်သော်လည်း လူကြီးများ နှင့်သာ အပေါင်းများ ၏။

ဤဆရာအား ခိုင်ဇင်ဝေနှင့် ဗြည့်ဝန်းမတို့ ၏ ပြဿနာကို တင်ပြကြ

သောအခါ ဆရာ ကိုသူ မြမှာ လည်း ခေါင်းရှုပ်ရပြန်၏။ ဒီအထဲတွင် နည်းလမ်းရှာကြရာ မြသက်စောနှင့် ပတ်သက်၍ လူပျို အုပ်တစ်ယောက်က တင်ပြသည် ။ မြသက်စောမှာ ခိုင်ဇင်ဝေနှင့် ဖြည့်ဝန်းမတို့ ထက်စာသော် သော်တာနှင့်ကြယ်နှယ်ပင် ယှဉ်မရသည် ကတော့ အမှန်ပင်ဖြစ်သည် ။ သို့သော် မြသက်စောသည် အပျိုဖော်မဝင်ရသေး။ အပျိုဖော်အဖြစ် သွင်းမည် ဆိုသော်လည်း ဤအလှူတွင် သွင်းနိုင်သည် ။ ခိုင်ဇင်ဝေ၊ ဖြည့်ဝန်းမတို့ နှင့် အလှချင်း မယှဉ်သာသော မြသက်စောကိုသာ အပျိုဖော်သွင်းလိုက်ပြီး ကွမ်းတောင် ပန်းတောင်ကိုင်ခိုင်းရလျှင် ဤပြဿနာ အလိုလို ပြေလည်သွားလိမ့်မည်ဟု ကာလသား လူပျိုအုပ်က ဆရာကိုသူမြကို တင်ပြသည် ။

ကိုသူမြက ရွာ၏ အစဉ်အလာကို မေးသောအခါ ကွမ်းတောင် ပန်းတောင်အအပ်ခံရသော မိန်းကလေးမှာ ဆွေဂုဏ်မျိုးဂုဏ် စီးပွားဥစ္စာဂုဏ်နှင့် လုံးဝမသက်ဆိုင် ရွာတွင် အလှဆုံးဖြစ်သော မိန်းကလေးကိုသာ အပ်ရိုးထုံးစံရှိသည် ။ အယုတ်အလတ် အမြတ်မရွေး ရွာတွင် အချောဆုံး ၊ အလှ ဆုံးမိန်းကလေးကို ကွမ်းတောင်ပန်းတောင် အပ်နိုင်သည် ဟု တင်ပြကြသည် ။

မြသက်စော၏ အလှမှာ အပျိုမဖြစ်ခင်ကပင် ကာလသားကြီးငယ်များ ၏ ပါးစပ်ဖျားတွင် ရေပန်းစားနေသူဖြစ်လေ၏ ။ မြသက်စောကို ဤအလှူမှာ အပျိုဖော်သွင်း၍ ကွမ်းတောင် ပန်းတောင် အပ်လျှင် မည်သည့်ပြဿနာမှ ပေါ်လာမည်မဟုတ်ပေ။

ဖြည့်ဝန်းမနှင့် ခိုင်ဇင်ဝေတို့ ကလည်း မြသက်စော၏ အလှသည် သူတို့ ထက် သာသည် ကို သိနေကြပြီး မြသက်စောသည် အပျိုဖော်ဝင်စ အပျိုကလေးသာဖြစ်သဖြင့် ဖြည့်ဝန်းမနှင့် ခိုင်ဝေဇင် တို့ သည် ဤနှစ်မှ

အပျိုစာရင်းသွင်းခံရသော အပျိုကလေးကို တုပ၍ စိတ်ဆိုးစိတ်ကောက်ကြမည် မဟုတ်ဟု အများ ၏ ယူဆမှုနှင့် မြသက်စောကို မမြင်ဖူးသော ဆရာကိုသူမြကလည်း မြသက်စောကို ကွမ်းတောင် ပန်းတောင်အပ်ရန် ဆုံးဖြတ်ပေးလိုက်သည် ။

ဆရာကိုသူမြမှာ အလှူရှင် ဦးဘမှုးတို့ နှင့်လည်း ဆွေမျိုးတော်စပ်သဖြင့် ဆရာကိုသူမြ၏ အဆုံးအဖြတ်ကို အားလုံးက နာခံကြလိမ့်မည်ဟု ယူဆခဲ့ကြသည် ။

သို့သော် အမြဲတမ်း အရက်မူးသော ဆိုးပေတေနေသော ဦးဝေပန်းသည် ရှင်လောင်းလှည့်ရန် စိုင်းပြင်းနေကြသည် ထဲ ဝင် လာပြီး "ကွမ်းတောင် ပန်းတောင် ဘယ်သူကိုင်သလဲ"ဟု မေးသည် ။ ဤ သည် မှာ လည်း ခိုင်ဇင်ဝေတို့ ဘက်မှ တစ်ယောက်ယောက်က မြှောက်ထိုးပင့်ကော်လုပ်ပေးလိုက် သဖြင့်ဖြစ်သည် ။

"မြသက်စော"ဟု ပြောသောအခါ "ဘယ်သူ့သမီးလဲ"ဟု မေးပြန်၏။

"အင်းမြစ်နားက ဦးကျော်စံသမီး"ဟု ပြောသောအခါ သူ့တူမနှင့် အလှချင်းယှဉ်မရအောင် သာနေသော်လည်း မြသက်စောအား ဂုဏ်နိမ့်သူ ချောက်ခိုးမသမီး၊ ချောက်သားပေါက်မဟု အယုတ္တ အနတ္တဆဲဆိုကာ မြသက်စောလက်ထဲက ကွမ်းတောင်ကိုလုသည် ။ ဤသည် ကို ကာလသားများက ဝိုင်းဝန်းပြောဆိုကြသည် ။ သို့သော်မရ။ ဆရာ၏ အဆုံးအဖြတ်ဟု ဆိုသည် ကိုပင် အမနာပဆိုလာ သည် ။ သူယုံကြည်ထားသည် မှာ ဤအလှူ၌ သူ့တူမ ခိုင်ဇင်ဝေသာ ကွမ်းတောင်ပန်းတောင် ကိုင်ရ မည်ဖြစ်သည် ။

မဆီမဆိုင် လာ၍ ဝင်စွက်ဖက်သော ဦးဝေပန်းအား ကာလသားအုပ်တစ်ယောက်က အကြမ်း ပတမ်း ဆွဲထုတ်ပစ်လိုက်သောအခါ တစ်ပွဲလုံး

မှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည် ။ ဤသို့ ရုတ်ရုတ် သဲသဲဖြစ်ကြသ ည့်ထဲတွင် အပျိုအဖြစ် ဤယနေ့မှ အပျို လူပျိုကြားထဲဝင်၍ ပန်းတောင် ကွမ်းတောင် ကိုင်ရသော မြသက်စောမှာ သေမလောက် ရှက်သွားသည် ။ အများက ဝိုင်းဝန်းတောင်းပန်ကြသည် ကို ပင် လက်မခံတော့ဘဲ ငိုယို ကာ အိမ်ဘက်သို့ ပြေးလာသည် ။

ဤသည် ကစ၍ ပြဿနာသည် ရွာ၌ ရှုပ်ထွေးကျန်ခဲ့သည် ။

"အင်း. . .ဝေပန်း. . .ဝေပန်း င့ါရဲ့ အေးချမ်းတဲ့ ဘဝကို မင်းခုထိလို က်ပြီး ဖျက်ဆီး နှောင့်ယှက်နေတုန်းပါလား ဝေပန်းရယ်၊ မထူးတော့တဲ့ မင်းဘဝနဲ့ အေးချမ်းလှတဲ့ င့ါရဲ့ ဘဝကို မင်း ဘာပြုလို့ နှိုင်းယှဉ်တုပပြီး မနာလိုဖြစ်နေရတာလဲဟင် ဝေပန်း၊ ငါမင်းကို ဟိုတုန်းကပင် လူ့ပြည်မှာ ဆက်ထားမိတာဟာ င့ါအမှားပါကလား၊ မင်းကို ငါဒီတစ်ခါ တော့ သည်းမခံနိုင်တော့ဘူး၊ သည်းမခံ နိုင်တော့ဘူး"

ဦးကျော်စံသည် အိမ်ကြီးအပေါ်ထပ်တွင် တစ်ယောက်တည်း ဆော က်တည်ရာမရ မြည်တမ်း ကာ တောက်တခေါက်ခေါက် ဖြစ်နေလေသ ည် ။

ဖြစ်နိုင်မည်ဆိုလျှင် အတိတ်က အရာရာတို့ မှာ အိပ်မက်ပမာသာ ဖြ စ်စေချင်သော်လည်း အမှန်တကယ်မှာ မူ အတိတ်သည် အိပ်မက်မဟုတ် ပေ။ အတိတ်သည် ဖြစ်ခဲ့ ကြုံတွေ့ခံစားခဲ့ရသော တကယ့်အဖြစ်အပျက် များ သာ။ ခုပဲ ကြည့်ပါဦး၊ အတိတ်က ဒဏ်ရာဒဏ်ချက်တို့ သည် ဦးကျော်စံ အား ယခုထိ လိုက်ပြီး နှိပ်စက်ကလူ ပြုမူလျက်ရှိလေသည် ။ အတိတ်ကို အိပ်မက်ပမာ မည်မျှပင် မေ့ဖျောက်ပစ်ရန် ကြိုးစားသော်လ ည်း ဦးကျော်စံ၏ စိတ်သည် အတိတ်ဆီသို့ ပြန်ရောက်သွားပြန် သည် ။

***

# အခန်း (၄)

အရွက်ခြွေထားသော ဇောဓိပင်ကိုင်းခြောက်ထက်မှ တစ်ကောင်တည်းသော ဥသြငှက်ငယ် သည် လွမ်းတေးကို ဖွဲ့ဆို၍ နွေကိုကြိုနေသယောင်ပင်။ ဆည်းဆာ၏ အလှသည် ကန်ပေါင်အနှံ့ ပျံ့လျက်ရှိသည် ။

"ဟော့..."

ညနေချမ်း ရေထမ်းနှင့် ဇောဓိကန်သို့ ရေခပ်ရန်လာသော ကိုကျော်စံ၏ နှုတ်မှ မမျှော်လင့် သော အာမေဍိတ်သံတစ်ခုသည် မမျှော်လင့်ဘဲနှင့် လွှတ်ခနဲ ထွက်သွား၏။

ကိုကျော်စံ၏ အာမေဍိတ်သံကြောင့် သူကလည်း ကိုကျော်စံကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့် လိုက်သည် ။ သူ၏ လျှပ်တစ်ပြက်အကြည့်ကြောင့် ကိုကျော်စံ၏ ရင်ထဲမှာ အတိုင်းမသိ လှုပ်ခါသွား သည် ။

သူမသည် ကန်ပေါင်အတွင်းရှိ တရုတ်စံကားပင် တစ်ပင်အောက်တွင် ရွက်ခြောက်များကို လိုက်ကောက်နေသည် ။ တရုတ်စံကားပင် ခြေရင်းတွင် ရေအိုးတစ်လုံးချထားသည် ကို မြင်ရ၏။ ထိုရေအိုးသည် သူမ၏ ရေအိုးပင်ဖြစ်ရမည်။

များ သောအားဖြင့် ရေကန်အတွင်းဘက် ကန်ပေါင်စောင်းရှိ သစ်ပ

င်အောက်တွင် သစ်ရွက် ခြောက်ကောက်သူတွေမှာ အဘွားအို အမေအိုများ သာ ဖြစ်တတ်ကြသည် ။ ညနေစောင်း ဗောဓိကန်သို့ ရေခပ်ရန်လာသော အဘွားအို အမေအိုများ သည် ရေကန်အတွင်းဘက် ကန်ပေါင်ရိုးစောင်းရှိ သစ်ရွက်ခြောက်များကို ကောက်ကာ အာလာပသလ္လာပပြောရင်း အမောဖြေတတ်ကြသည် ။

သူတို့ သည် ငွေကုန်ကြေးကျမရှိရဘဲ ပစ္စုပ္ပန်သံသရာနှစ်ဖြာကောင်းမှု အကျိုးအလို့ ငှာ ရေကန်ထဲကျမည့် သစ်ရွက်ကြွေများကို ကောက်ပစ်၍ သန့်ရှင်းစင်ကြယ်သော ကုသိုလ်ကို ရှာဖွေ တတ်ကြသည် ။

ယခု ရေကန်ထဲကျအံ့ဆဲဆဲ သစ်ရွက်ကြွေများကို တစ်ယောက်တည်း တစ်ဦးတည်း ကောက်သိမ်းနေသူမှာ ကား အလွန်တရာလှပသော မိန်းမပျိုလေးတစ်ယောက်ပင် ဖြစ်သည် ။ သူမ သည် ကန်ပေါင်အတွင်းဘက်မှ သစ်ရွက်ခြောက်များကို ကောက်စုကာ သူမ၏ ရင်ခွင်ထဲ ထည့်နေသည် ။ သူမ၏ ရင်ခွင်ထဲတွင် ဖြန့်ခင်းထားသော သူမ၏ ခေါင်းခုက ရှိနေလေသည် ။

မင်းတောင်ရွာက အပျိုငယ်များ ယောင်မှား၍ ပင် မလုပ်တတ်သော ရေကန်သန့်ရှင်းရေး အလုပ်ကို လုပ်နေသူအား ကျော်စံက အံ့ဩသည် ။ မင်းတောင်ရွာက အပျိုမငယ်များ သည် ရေကန်ထဲ ကျအံ့ဆဲဆဲ သစ်ရွက်ခြောက်များ နှင့် ကန်ပေါင်စောင်းတွင် ပြန့်ကျဲနေသော သစ်ရွက်ကြွေများကို ကောက်မည့်အစား ကန်ပေါင်ပေါ်နှင့် ကန်ပေါင်စောင်းနှစ်ဖက်မှ ဇီဇဝါ၊ စံပယ်၊ နှင်းဆီနှင့် တရုတ် စံကားပွင့်များကိုသာ အလုအယက် ခူးယူကောက်သွားလေ့ ရှိတတ်ကြသည် ။ တစ်ခါတစ်ခါ ကန်၏ ကျက်သရေဆောင် ကန်ပေါင်စောင်းမှ ပန်းခူးပန်းကောက်ရင်း

ပန်းပင်၏ အခက်အလက်များကိုပင် ချိုးထား လိမ်ဆွဲထားခဲ့သော မိန်းကလေးများ နှင့်စာလျှင် ဤမိန်းကလေးမှာ ထူးခြားလေစွ။

ညနေဆည်းဆာ၏ နေခြည်နုနုထွေးသည် ပင်ကိုလှသော သူမ၏ မျက်နှာကို ပို၍ လှအောင် ပက်ဖျန်းထားကြသည် ။ ညနေချမ်း ရေဆိုင်းထမ်းနှင့် ဇောခိကန်သို့ ရေခပ်ရန်လာသော ကိုကျော်စံ သည် သူမအနားက ပင်ဖြတ်၍ ကန်ပေါင်ရိုးရှိ ဇောခိပင်အောက်သို့ လျှောက် လာလေသည် ။

သူ့အနားသို့ရောက်သောအခါ ကိုကျော်စံသည် သူမကို မတ်တတ်ကခိုးကြည့်ပြန်သည် ။ အပေါ်စီးမှ မြင်ရသော သူ့မျက်နှာသည် ပကတိကြည်လင်သန့်ရှင်းနေသည် ။ တည်ငြိမ်အေးချမ်းနေ သည် ။ မျက်လွှာချ၍ သစ်ရွက်ကြွေကောက်နေသဖြင့် ညို့မှောင်စမ်းမောင်းသော မျက်ခုံးနှစ်ဖက် သည် ပို၍ ကွေးညွတ်နေသလား ထင်ရသည် ။

နေရီဆည်းဆာ၏ အလှကို အကျည်းတန်တို့ လှချိန်ဟု ဆိုကြသည် ။ သို့သော် နေရီဆည်းဆာ တွင် ကိုကျော်စံ ကြုံတွေ့နေရသော သူမကား အကျည်းတန်သူ မဟုတ်ပေ။ မှိုင်းရီဝေသီမှုန်မွှား ညီလား အစ်ကိုလား မသိချိန်သာ ဤဇောခိကန်ပေါင်မှာ ဤမိန်းကလေးကိုတွေ့ပါက လူလား နတ်လား ဥစ္စာစောင့်လားဟု ပင် ဝိုးဝါးတွေးမှတ် စိတ်ညွတ်မူးဝေဖြစ်ဖွယ်သာ။

ကိုကျော်စံ သူ့အနားက ဖြတ်လာသောအခါ သူမသည် ညို့မှောင်သော မျက်ခုံးအစုံကို လျှပ်တစ်ပြက် ပင့်တင်ကာ ကော့ရွှန်းသော မျက်တောင်ကို ကြည့်မော့၍ ဒုတိယအကြိမ် ကိုကျော်စံကို ကြည့်ပြန်၏။ သို့သော် သူမ၏ အကြည့်သည် မိုးနှောင်းလဲ့ မိုးကုပ်စက်ဝိုင်းမှ ဖြစ်လာသည့်လျှပ်နှယ် ပျက်ပြယ်သွားသည် ။ လျှပ်တစ်ပြက် မျက်လွှာရပ်လိုက်ပုံသည် တဒင်္ဂ၌ပင် မြန်ဆန်လွန်းလှပါဘိ။

ကန်၏ ရေပြင်ကဲ့သို့ အရည်ရွှမ်းလက်နေသော သူ့မျက်လုံးဝှန်းအကြည့်ဒဏ်သည် ကိုကျော်စံ ၏ နှလုံးသားကို မြားအစ င်းတစ်ရာနှင့် ထည့်ချိန်ကာ ပစ်သွားသလို နင့်ခနဲ ခံစားလိုက်ရသည် ။

"သူ. . . သူ. . .သူ. . .ဘယ်သူလဲ၊ ဘယ်ကလဲ"

သူမ၏ ထူးခြားရုပ်သွင်နှင့် အပြုအမူ အကြည့်အရှုတို့ သည် ကိုကျော်စံ၏ နှလုံးသားကို များ စွာ အလုပ်ပေး လိုက်လေပြီ။

ကိုကျော်စံသည် ဤဗောဓိရေကန်ပေါင်၌ ယခင်က သူ့ကို တစ်ခါမျှမ တွေ့ဖူး။ ဤဗောဓိ ရေကန်ပေါင်၌ သာ မဟုတ်၊ ဘယ်မှာ မှ မတွေ့ဖူး။ အိမ်ခြေလေးရာကျော်ရှိသော မင်းတောင်တွင် လည်း သူ့ကို ကိုကျော်စံ တစ်ခါမျှ မမြင်ဖူး။

ကိုကျော်စံမှာ ဤမင်းတောင်ရွာသား ဇာတိဖြစ်သဖြင့် အကယ်၍ သူ သည် မင်းတောင်ရွာက ဆိုလျှင် ဘယ်သူ့သမီး၊ ဘယ်အပိုင်းက၊ ဘယ်အိ မ်က၊ နာမည်ဘယ်လိုဆိုသည် ကို ကိုကျော်စံ ဒက်ခနဲ သိနိုင်လေသည် ။

ယခု သူ့ကို ဤရွာတွင် တစ်ခါတလေမှ မမြင်ဖူးသဖြင့် ဧည့်သည် ပဲဖြစ်ရမည်ဟု ကိုကျော်စံက တွေးသည် ။

ကိုကျော်စံတို့ မင်းတောင်ရွာမှာ ရွာကြီးဖြစ်သည့်အပြင် ဈေးဆိုင်က နားကြီးများကလည်း ရှိလေရာ တောင်ပေါ်ရွာများမှ ဈေးဝယ်လာသူ ဧ ည့်ပို့မပြင်လား။ အတွေးတို့ သည် ဝေသီ၍ လာကြ သည် ။

ကိုကျော်စံသည် ကန်ပေါင်ရိုးတွင် ရေထမ်းကိုချ၍ ဗောဓိပင်ကြီး၏ အမြစ်ဆုံကြီးပေါ်တွင် ထိုင်ကာ သူမကို ငေးကြည့်နေသည် ။ ကိုကျော်စံ ထိုင်နေသော ဗောဓိပင်အောက်တွင် ကိုကျော်စံက လွဲပြီး မည်သူမျှ မရှိ ပေ။ အပြင်ဘက် ကန်ပေါင်စောင်း စံပယ်ရုံနားတွင် တော့

မင်းတောင်ရွာမှ ကာလသားသုံးယောက် ရှိသည် ။ သူတို့ သည် လည်း ကိုကျော်စံနည်းတူ သူမကို ငေးကြည့်နေကြ သည် ။

ညနေချမ်း၏ ဆည်းဆာသည် အားနည်းစပြုလာသည် ။ ရေခပ်လာသူ၊ ရေချိုးလာသူတို့ နှင့် လေးဖက်လေးတန်သော ကန်ပေါင်ရိုးတို့ တွင် ယောက်ျား၊ မိန်းမ၊ ကလေးသူငယ်များက ပို၍ များ ပြားလာသည် ။ သို့သော် ကိုကျော်စံတို့ ထိုင်နေသော မြောက်ကန်ပေါင်ရိုးတွင် ကား လူပါးနေ သည် ။

ထို့ကြောင့်လည်း ကိုကျော်စံက သူမကို အေးအေးလူလူ ငေးကြည့်နေနိုင်ခြင်း ဖြစ်သည် ။

ကိုကျော်စံနှင့် ကာလသားသုံးယောက် ငေးကြည့်နေကြသည် ကို ရိပ်မိသွား၍ လားမသိ။ သူမ သည် သစ်ရွက်ခြောက်ကြွေကောက်နေရာမှ ဆတ်ခနဲ ထလိုက်ကာ ခေါင်းခုနှင့် ထုပ်ထားသော သစ်ရွက်ခြောက်များကို ကန်ပေါင်စောင်း အပြင်ဘက်ရှိ တရုတ်စံကားပင်တစ်ပင်၏ ခြေရင်း သွားသွန်ပစ်လိုက်၏။ သူမ သွားသွန်ပစ်လိုက်သော သစ်ရွက်ခြောက်များ သည် တရုတ်စံကားပင် တစ်ပင်၏ ခြေရင်းသို့ လေနှင့်ရောကာ ပြန့်ကျဲကျသွားကြသည် ။ မတ်တတ်ထရပ်လိုက်ပြီး သွားလာ လှုပ်ရှားလိုက်ကာမှ သူ၏ အလှသည် ပို၍ ပေါ်လွင်လာရသည် ။

"ခါးလက်ပြင် ရင်ကနှင့်. . .သွင်ရှုပနိကာယ်၊ ဖူးဆံစ ခပ်ကျယ်ကျယ်ငယ်၊ သေးသွယ်သွယ် ရွှေခါး. . ."

ကိုကျော်စံ၏ နှလုံးသားက ရမိရာ တေးထပ်တစ်ပုဒ်ကို ညည်းမိလျက်သား ဖြစ်သွားသည် ။

ကျေးတောရွာသူများ သည် အလုပ်ကြမ်းလုပ်ကြရသူများ ဖြစ်သဖြင့်

များ သောအားဖြင့် ခါးတုတ်တတ်ကြသည် ။ သို့သော် သူမ၏ ခါးသည် မတုတ်ပေ။ ကျဉ်သည့်ခါး ကားစွင့်သော တင်နှင့် ရွှေရင်ဖျိုးဖျ သွယ်လျ သော ပေါင်တံတို့ မှာ နိဋ္ဌိကျမ်းဆရာ၏ အဆိုအမိန့်ထဲက "မိန်းမမြတ်တို့ ၏ ကောင်းခြောက်ဖြာငယ် လောင်းမြတ်လျာထိုက်သူပလေး"ဟု ဟစ်ဆို ရလောက်အောင်ပါပေ။

အထူးဆိုရလျှင် သူမ၏ လျော်ပြေသော နောက်ကျော၊ ဝိုင်းဝန်းခုန်ကြော့သော ပခုံးနှင့် ရေတကောင်းလည်တိုင်တို့ မှာ ယှဉ်ပြို င်သူရှား မှားလောက်ပေသည် ။ မျက်နှာဝိုင်း ကြည်ကြည်သာ သာနှင့် ဝ င်းဝါသော နဖူးပေါ်တွင် ဆည်းဆာ၏ လေပြည်လေနုအေးနှင့်အတူ တ လူလူလွင့်ပျံကြဲနေ သော ဆံယဉ်နုကလေးတို့ မှာ လည်း မျက်နှာ၏ ကျ က်သရေကို တစ်ဂုဏ်ဝင့်စေနေကြသည် ။

"တောက်. . .ဒီကနေ့မှ ရေထမ်းကလည်း ပါလာရတယ်လို့ ကွာ"

ကိုကျော်စံသည် ကန်ပေါင်ရိုး ဗောဓိပင်ကြီး မြစ်ဆုံတစ်ခုပေါ်မှာ ထို င်ကာ တစ်ယောက်တည်း ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်နေ၏။

အကယ်၍ သူ့၌ သာ ရေဆိုင်းထမ်းကပါမလာလျှင် သူ့ဆီသွားကာ ရေအိုးငှား ရေချိုးသွားနိုင် မည် မဟုတ်ပါလား။

သူတို့ ဆီ၌ ဤလိုနေညိုချိန်တွင် ရွာရှိ အပျိုလူပျိုအားလုံးလိုလို ဤ ဗောဓိကန်သို့ ရေခပ်ရန် ရောက်လာတတ်ကြသည် ။ ရေခပ်လာရင်း ကာလသား ကာလသမီးများ ဤရေကန်ပေါင်တွင် ဆုံစည်းနိုင်ကြသ ည် ။

တောရွာတို့ ၏ ထုံးစံအတိုင်း တစ်နေ့တာ အလုပ်စခန်းသိမ်းသော ညနေပိုင်းတွင် မည်သည့် အပျိုလူပျို အအိုကလေးမရွေး လူတိုင်းသည် ရေကန်လာ၍ ရေချိုးခြင်း၊ ရေခပ်ခြင်း၊ အဝတ်လျှော် ခြင်းတို့ ကို ပြုလုပ်

တတ်ကြသည် ။ ထို့ကြောင့် ညနေပိုင်း ဆည်းဆာချိန်ဆိုလျှင် ရေကန်၌ လူပြည့် နေတတ်သည် ။ ယခုလည်း ကန်ပေါင်ရိုးတွင် ရေချိုးရေခပ်ရင်း ကလေးလူကြီးများ ဆယ်ယောက် မက ရှိနေသည် ။ ကာလသားများ သည့် မိမိတို့ အိမ်အတွက် သောက်ရေသုံးရေ ခပ်ပြီးပြီဆိုလျှင် ရေလဲ ပုဆိုးပိုင်းတစ်ခုကို ပခုံးပေါ်တင်ကာ ရေကန်သို့ တမင်တကာ ရေချိုးရန် တစ်ခေါက်လာကြသည် ။

ရေကန်တွင် ရေခပ်လာသော မိမိကြိုက်နှစ်သက်ရာ မိန်းကလေးတစ်ယောက်ယောက်ဆီက ရေအိုးငှား၍ ရေချိုးနိုင်သည် ။ မိန်းကလေးများ အနေကလည်း လူပျိုကာလသားများ ရေအိုးငှားလာ လျှင် မိမိသဘောကျနေသူဖြစ်ပါက အလွယ်တကူပင် ငှားတတ်ကြသည် ။ မိမိသဘောမကျသူ ဖြစ်လျှင်တော့. . . "အိမ်မှာ ရေမပြည့်သေးဘူးတော်ရေ၊ ရှင်ရေကြည်တော် သုံးသပ်နေတာ ဒီက မစောင့်နိုင်ပေါင်" ဘာဘာညာညာနှင့် ရေအိုးမငှားဘဲ ထားတတ်ကြ၏။

တချို့ ဖွဲ့နပဲကြီးတတ်ကြသော မာဒင်္ဂလက်သစ်လူပျိုမိုက်ကလေးများ သည် ကား မိမိပိုးပန်း နေသူဆီက ရေအိုးကို တစ်နေ့မရတစ်နေ့ ဖွဲလုံ့လနှင့် စောင့်ငှားတတ်ကြသည် ။ ဒီလိုနှင့်ပင် စကားနှင့် တစ်မျိုး၊ မျက်လုံးနှင့်တစ်ဖုံ ရေအိုးကို ပြန်ပေးရာတွင် နီးရာသစ်ပင်ပန်းပင်များကို ခူးချိုး ရေအိုးထဲ ထည့်၍ တစ်နည်း၊ ပန်းမရလျှင် သစ်ရွက်သစ်ခက်များကို ချိုးထည့်၍ လည်း အချစ်စမ်းတတ်ကြ၏။

သူမတို့ ကြိုက်နေသော လူပျိုက ရေအိုးငှား ရေချိုးပြီး ပြန်အပေးမှာ ပန်းပွင့်ပန်းခက်များ ပါလာလျှင် ခေါင်းပေါ်ပန်သွား၍ ချစ်သူအား အသိပေးလိုက်သည် လည်း ရှိလေသည် ။ မကြိုက်ရင် တော့ ရေအိုးထဲ အမှိုက်သရိုက်တွေ ချိုးထည့်လာရမလားဟု ရန်ထောင်တတ်ကြသည် ။ ဤ

အလေ့ အထတွေကြောင့် ညနေဆိုလျှင် ကန်ပေါင်ရိုးတွင် ကာလသား ကာလသမီးများက ကြိတ်ကြိတ်တိုး စည်ကားတတ်ကြသည် မှာ သူတို့ ဆီက ရိုးရာဓလေ့စရိုက်လို ဖြစ်နေလေသည် ။

သူမသည် သစ်ရွက်ခြောက်များ ထုတ်လွှင့်ပစ်လိုက်သော ခေါင်းခုကို အကြိမ်ကြိမ်ဖြန့်ကာ သူမရေအိုးရှိရာ တရုတ်စံကားပင်အောက်သို့ ပြန် လာသည် ။ ပြီး ကန်ပေါင်နှင့် ကိုက်တစ်ရာကျော်ခန့် သာဝေးသော တစ် ဖက်တောစသို့ မတ်တတ်က မျှော်ကြည့်လိုက်သည် ။ ဗောဓိကန်၏ တောင်ဘက် တောစပ်တွင် ရေလဲမပါသော အမျိုးသားများ ရေသွားချိုး တတ်ကြသဖြင့် သူမသည် တစ်စုံ တစ်ယောက်အား မျှော်လေသလားဟု ကိုကျော်စံ၏ ရင်ထဲက ခုန်သွားပြန်သည် ။

အနောက်တောင်စ သဲချောင်းလျှိုများ တွင် တော့ အမျိုးသမီးများ ရေချိုးလေ့ရှိသော နေရာ ပင်။

ရေထမ်းပါလာသော ကိုကျော်စံမှာ သူမဆီသွားပြီး ရေအိုးငှားရမှာ ကလည်း သိက္ခာမဲ့ရာ မျက်နှာပြောင်ရာကျမည်စိုးသဖြင့် ဗောဓိပင်ခြေရ င်းရှိ အမြစ်ဆုံထက်ကသာ သူမကို မသိမသာ ငေးကြည့်နေမိသည် ။

နာမည်ကလည်း မသိ။ ဘယ်ဇာတိ ဘယ်ရွာသူဟု လည်း မဝေခွဲတ တ်သော ကိုကျော်စံမှာ သူမ ကို ဘယ်ကဘယ်လို စကားစရပ့်ါဟု အကြံ ထုတ်နေသည် ။ သူမသည် တစ်စုံတစ်ယောက်သောသူအား စောင့်ဆိုင်း နေသည် မှာ တော့ အမှန်ပင်။

သူမသည် မတ်တတ်မျှော်ရင်းမှ တရုတ်စံကားပင်ထက်မှ ပန်းတစ်ပွ င့်ကို သာသာညင်းညင်း ချူးကာ တရုတ်စံကားပင်ခြေရင်းတွင် ထိုင်လိုက်ပြန်သည် ။ လက်ထဲမှ ပန်းပွင့်ကို လှည့်ကစားကာ သူမသည် ဂနာမငြိမ်ဖြစ်နေ၏။ ထိုအချိန်၌ပင် ကိုထွန်းမြဦးသည် ရေအိုးလွတ်တစ်

လုံးကို ကိုင်ကာ ကန်ပေါင်ပေါ်သို့ တက်လာသည် ကို လှမ်းမြင်ရသည် ။

သူသည် ဗောဓိကန်ကြီး၏ တောင်ဘက်တောမှ ရေချိုးပြီး၍ ပြန်လာသည် ကိုတော့ မေးနေ စရာပင် မလိုတော့ပါချေ။ သူ၏ ကိုယ်ပေါ်တွင် ရေစက်ရေပေါက်တို့ သည် သီး၍ ပါလာသည် ။

ကိုထွန်းမြဦးမှာ မင်းတောင်ရွာ၏ သူကြီးသားဖြစ်သည် ။ သူသည် အဖေ၏ အရှိန်အဝါ စီးပွားဥစ္စာ၏ အရှိန်အဝါတို့ ကြောင့် မင်းတောင်ရွာတွင် သာမက တစ်နယ်လုံးတွင် လူသိများ သူ လူပျို ဖဲသမား အရက်သမားတစ်ယောက်ဖြစ်သည် ။

ကိုထွန်းမြဦးကို မင်းတောင်နယ်၌ပင် မသိသူရှား၏။ သူကြီးသားဟူသော မာန်မာနနှင့် ကြက်တိုက်ဖဲရိုက် အရက်သောက် စသည် ဖြင့် ဒုစရိုက်မှုဟူသမျှ အားလုံးလုပ်သလို မိန်းမလည်း ပွေတတ်လေသည် ။ ထို့ကြောင့် သူ့ကို ကောင်းသောသတင်းနှင့်ယှဉ်၍ သိခြင်းထက် မကောင်းသော သတင်းနှင့်ယှဉ်၍ သိခြင်းက ပို၍ များကြသည် ။ မကောင်းမှုမှာ သတင်းသာ ရွာလည်သည် မဟုတ်။ မကောင်းမှုကို လုပ်သူ၏ သတင်းသည် လည်း ရွာလည်တတ်သည် ။

သူသည် တောသားဟု ဆိုသော်လည်း ထွန်တုံး ထွန်တံကိုပင် ကိုင်ဖူးသူမဟုတ်ပေ။ သူကြီး သား ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူဟူသော ဂုဏ်ပုဒ်နှင့် ရပ်တကာ ရွာတကာလှည့်ကာ ဖဲရိုက် ကြက်တိုက် အရက်သောက်၊ မိန်းမပွေနှင့် အချိန်ကုန်နေတတ်သူဖြစ်သည် ။ တစ်ခါတစ်ခါ အပျို တစ်ခုလပ် မုဆိုးမ စသည် လွတ်လွတ်ကျွတ်ကျွတ် မိန်းကလေးများ နှင့်ပင် ပြဿနာဖြစ်ကြသဖြင့် သူ့အဖေက လိုက်လိုက်ပြီး ဖုံးရဖိရသည် မှာ လည်း အကြိမ်ကြိမ်ပင်။

အိမ်ဗာဟီရအလုပ်ဆို၍ လည်း မည်မည်ရ ဘာတစ်ခုမျှ လုပ်ဖော်မရ

ပေ။ ကုန်ကုန်ဆိုလျှင် အိမ်အတွက် ရေတစ်ထမ်း၊ ထင်းတစ်စည်းပင် လုပ်သူမဟုတ်။ ညနေ စောင်းပြီဆိုလျှင် ရေအိုးမပါဘဲ ဇောဓိကန်ပေါင်ပေါ်ဗလာကိုယ်ထီးလာကာ ဟိုအပျိုဆီက ရေအိုးငှားချီး၊ ဒီအပျိုဆီက ရေအိုးငှား ရေချိုးနှင့် ရွာရှိအပျိုများကို ထိကပါး ရိကပါး စကားစကာ လူပျိုလှည့်နေတတ်သူဖြစ်သည် ။

သူသည် မိန်းကလေးများကို အမှန်တကယ် မေတ္တာရှိ၍ ရာသက်ပန် ရိုးမြေကျ ဘယ်တော့မှ သဘောမထားဘဲ အပျော်ကြံခြင်းသာဖြစ်သည် ။ ထို့ကြောင့် ဓာတ်သိနှမ်းဖတ်ချဉ်ဖြစ်သော ရွာက အပျိုများ သည် သူ့အဖေ၏ အရှိန်အဝါကြောင့် မတတ်သာ၍ သာ ရေအိုးငှားရ၊ စကားအဖက်လုပ်ပြော ရသော်လည်း ကွယ်ရာမှာ အားလုံးက အော့နှလုံးနာကြသည် ။

သို့သော် ကိုထွန်းမြဦးကား မိန်းကလေးများကို ပြောရာဆိုရာတွင် ကျလောက်အောင် ပျစ်ပျစ် ချွဲချွဲ ပြောတတ်သူဖြစ်သည် ။ အရှက်အကြောက်ဆိုသည် ကိုလည်း သူ့တွင် ရှိကောင်းသော အရာတစ်ခု ဟု သဘောမထားတတ်ပေ။ ဤသည် တို့ ကြောင့်လည်း အချို့မိန်းကလေးများ သည် သီလျက်နှင့်ပင် ဝိပါက်ကြမ္မာငင်ဟု ဆိုရမည်လားမသိ။ သိလျက် ကြားလျက် မြင်လျက်နှင့် ကိုထွန်းမြင့်ဦး၏ ရင်ခွင် ထက်တွင် ဒူးနှင့်မျက်ရည် သုတ်ခဲ့ကြရသည် ။

ယခုလည်း ကြည့်ပါဦး။ ကိုကျော်စံတို့ အနေမှာ အမည်ပင်မသိရသေးသူ မိန်းကလေးနှင့် ကိုထွန်းမြဦးတို့ သည် ဘယ်အချိန်က သိကြကျွမ်းကြ၊ ခင်ကြမင်ကြသည် မသိ။ ရေအိုးတွေဘာတွေ ငှား၍ စကားပြောနေကြသည် ။

ဇောဓိကန်၏ မြောက်ဘက် ကန်ပေါင် အစနှင့်အဆုံး တစ်နည်းဆိုရ

သော် အရှေ့နှင့် အနောက် ဖြစ်နေသဖြင့် သူတို့ မည်ကဲ့သို့သောစကား ကို ပြောဆိုနေကြသည် ကိုတော့ ကိုကျော်စံ မကြားရပေ။

သွေ့သွေ့မျှင်မျှင် တိုက်ခတ်နေသော ဆည်းဆာ၏ လေပြည်လေညင်းထဲတွင် ရော်ရွက်တို့ တသဲ့သဲ့ကြွေသံကိုသာ သူ့နားထဲ မှာ ကြားနေမိသည် ။ ငယ်ငယ်ရွယ်ရွယ်နှင့် မကောင်းမှုဒုစရိုက်တို့ ကို ရောပြွမ်းကာ လူရမ်းကား လူ့ပေါက်ပန်း ဟော့ရမ်းတတ်သော ကိုထွန်းမြဦးနှင့် ကန်ပေါင်ရေကို သန့်စင်စေခြင်းငှာ သစ်ရွက်ခြောက်ကြွေတွေ ကောက်ပစ်နေသော မိန်းကလေးတို့ သည် တွေ့မှ တွေ့တတ်ကြပလေ။ ကြုံမှ ကြုံတတ်ကြပလေဟု ကိုကျော်စံသ ည် တစ်စုံတစ်ယောက်အား ရင်ထဲက ကျိန်ဆဲနေမိသည် ။

သူ၏ ရင်ထဲမှာ အမည်မဖော်ပြနိုင်သော ဝေဒနာတစ်ခုသည် သိသိ သာသာဖြစ်ပေါ်နေသည် ။ ကိုထွန်းမြဦးအား မနာလိုလည်း ဖြစ်နေသည် ။ မဆီမဆိုင်နှင့် သူ့စိတ်သည် ကစဥ့်ကလျား ဖြစ်နေ သည် ။

ကိုထွန်းမြဦးလက်ထဲက ရေအိုးကို အမည်မသိသူ မိန်းကလေးက လှ မ်းအယူမှာ ကိုကျော်စံ ၏ ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားသည် ။ မိန်းက လေးအား ကိုထွန်းမြဦး လှမ်းပေးသော ရေအိုးထဲ တွင် တရုတ်စံကားပ န်းများ ပါလာခြင်း ရှိ၊ မရှိ ဆိုသည် ကိုလည်း ကိုကျော်စံသည် မမှိတ်မ သုန် ကြည့်လျက်ရှိ၏။

သူမသည် ကိုထွန်းမြဦး လှမ်းပေးသော ရေအိုးကို ကြည်ကြည်သာ သာပင် လှမ်းယူပြီး ရေခပ် ရန် ရေကန်ထဲဆင်းသွားသည် ။

"ရှိ . . ."

ဘယ်ကမှန်းမသိသော လက်ခေါက်မှုတ်သံတစ်ခုကြောင့် ကိုထွန်းမြ ဦး၏ မျက်နှာမှာ အပြုံး ရိပ်တွေ ပျက်ပြေသွား၏။

ကိုထွန်းမြဦးသည် ပတ်ဝန်းကျင် ဘယ်ညာကို တင်းမာသော မျက်နှာနှင့် အကဲခတ်ကြည့် လိုက်၏။ ဗောဓိပင်မြစ်ဆုံတွင် ဆောင့်ကြောင့်ထိုင်၍ သူနှင့် လှသက်စောတို့ အား ငေးကြည့်နေသော ကိုကျော်စံကို မြင်သောအခါ သူ့မှာ ကွက်ခနဲ မျက်နှာပျက်သွားသည် ။ သို့သော် သူသည် လှသက်စော ၏ ရှေ့တွင် ဖြစ်သဖြင့် အတတ်နိုင်ဆုံး မျက်နှာကို ချိုထားလိုက်သည် ။ ကိုကျော်စံ၏ နောက်နား အပြင်ဘက်ကန်ပေါင်ရိုးတွင် မင်းစုရွာက ကာလသားသုံးယောက် ရှိမည်။

သူတို့ သည် အကျိုးလျှော်ရင်း ကိုထွန်းမြဦးနှင့် လှသက်စောတို့ ၏ အခြေအနေကို ကိုကျော်စံ နည်းတူ အကဲခတ်လေ့လာနေကြသူတွေ ဖြစ်သည် ။ စောစောပိုင်းက လက်ခေါက်မှုတ်လိုက်သံမှာ သူတို့ မင်းစုရွာ လူပျိုသုံးယောက်ထဲမှ တစ်ယောက်ယောက် အသံဖြစ်သည် ။ သို့သော် ကိုထွန်းမြဦး ကမူ ကိုကျော်စံကိုသာ မျက်နှာကြောတင်းမာစွာနှင့် တစ်ချက်လှမ်းကြည့်ပြန်၏။ ပြီး သူသည် မယောင်မလည်နှင့် လှသက်စော ရေခပ်ပြီး ရေကန်ထဲမှ တက်အလာကို စောင့်နေသည် ။ ရေကန်ထဲမှ ရေဆင်းခပ်သူ လှသက်စောသည် ရေအိုးထဲ တစ်ခါတည်း ရေအပြည့်မခပ်သေးဘဲ တစ်ဝက်သာ ခပ်ကာ ရေအိုးကို လှုပ်ယမ်းဆေးကြောပစ်လိုက်ပြီး ကန်ပေါင်စောင်းသို့တက်ကာ တရုတ်စံကားပင် တစ်ပင်ခြေရင်း သွန်လောင်းပစ် လိုက်လေသည် ။

"ရှီး..."

"ရှီး..."

လက်ခေါက်မှုတ်သံတွေက ဆက်တိုက်ပေါ်လာ၏။

ကိုထွန်းမြဦး၏ မျက်နှာမှာ ရတ်ခြည်းညိုမည်းသွားသည် ။

လှသက်စောသည် ရှက်ရှက်နှင့် ရေပြန်ခပ်ပြီး ကန်ပေါင်ရိုးသို့ တက်လာသည် ။ ကိုထွန်းမြဦး သည် စောစောက လှသက်စော ခပ်ပြီးချထားသော တရုတ်စံကားပင်အောက်က ရေအိုးကို ကမန်းကတန်း လက်နှစ်ဖက်နှင့် မကိုင်ကာ လှသက်စောကို လှမ်းပေးသည် ။

လှသက်စောသည် ကိုထွန်းမြဦး လှမ်းပေးသော ရေအိုးကို ခါးထစ်ခွင်ကာ နောက်ရေအိုး တစ်လုံးကို ခေါင်းပေါ်ရွက်၍ ကန်ပေါင်မှ ခြေဆောင့်ကာ ထွက်သွားသည် ။

"ရှိုး. . ."

"ရှိုး. . ."

"ရှိုး. . ."

လက်ခေါက်မှုတ်သံတွေက ကန်ပေါင်တစ်ခုလုံးကို လျှံထွက်သွားသည် ။

ကိုထွန်းမြဦးသည် ပုဆိုးကိုပြင်ဝတ်လိုက်ပြီး ကိုကျော်စံရှိရာဘက်သို့ ကန်ပေါင်ရိုးအတိုင်း လျှောက်လာသည် ။

ကိုကျော်စံမှာ ကိုထွန်းမြဦးကို မကြည့်မိသေးဘဲ သူ့နောက်မှ လက်ခေါက်မှုတ်၍ ကိုထွန်းမြဦး အား နောက်ပြောင်ရယ်စလိုက်ကြသော မင်းစုရွာက ကာလသားသုံးယောက်ကိုသာ ရန်ဖြစ်ကြတော့ မှာ ပဲဟူသော အတွေးနှင့် လှမ်းကြည့်လျက်ရှိ၏။

မင်းတောင်ရွာမှာ အပိုင်းသုံးပိုင်းနှင့် ရွာသုံးရွာရှိသည် ။ တောင်ပိုင်း၊ မြောက်ပိုင်း၊ အနောက် ပိုင်းနှင့် မင်းတက်ရွာ၊ မင်းစုရွာ၊ မင်းကုန်းရွာတို့ ဖြစ်သည် ။

ဤသို့ တစ်ခုစီ တစ်ပိုင်းစီခွဲလိုက်လျှင် မင်းတောင်ဟူသော

အမည်မှာ အလိုလို ပျောက်သွား သည် ။ သို့သော် တခြားရွာကလူများ သည် ဤသုံးရွာ သုံးပိုင်းသားများကို စုစည်း၍ မင်းတောင် ရွာသားတွေ ဟု ခေါ်ကြလေသည် ။

"တောက်. . .တော်တော်လူပါး၀တဲ့ ခွေးသားတွေ၊ ငါ့ကိုနောက်တာ ဘယ်ကောင်လဲကွ"

မိုးချုန်းသံကဲ့သို့ အနားတွင် လာပေါက်ကွဲသော ကိုထွန်းမြဦး၏ အသံကို ကြားရသောအခါ ကိုကျော်စံမှာ ဖျတ်ခနဲ ကိုထွန်းမြဦးဘက် လှည့်ကြည့်လိုက်၏။ ကိုထွန်းမြဦး၏ မျက်နှာမှာ မချုပ် တည်းနိုင်သော ဒေါသနှင့် နီရဲနေသည် ။ မင်းစုရွာက ကာလသားသုံးယောက်မှာ သူတို့နှင့် လုံး၀ မပတ်သက်သလို တဟားဟား ရယ်မောကာ တစ်ယောက်နှင့် တစ်ယောက် နောက်ပြောင်၍ ပင် နေကြ သေးသည် ။ ကိုကျော်စံကလ ည်း ကိုထွန်းမြဦးနှင့် ပြိုင်မဖြစ်ချင် မပြောချင်သဖြင့် တုတ်တုတ်မျှ မလှု ပ်၊ ပြီး သူကြီးသားနှင့် သူက စကားမများ လိုပေ။ ကိုထွန်းမြဦးမှာ ပို၍ ဒေါသထွက်လာသည် ။

"ဟေ့. . .မေးနေတာ မကြားကြဘူးလားကွ၊ ငါ့ကိုနောက်တာ ဘယ် သူလဲလို့ "

ဤတစ်ခါတော့ ဘယ်တုန်းကမှ ရန်ငြိုးမရှိကြပါဘဲနှင့် ကိုထွန်းမြဦး က ကိုကျော်စံကိုသာ ကြည့်၍ ဆဲ၏။

ရန်မလိုသူ စိတ်ရင်းကောင်းသူ ကိုကျော်စံသည် ကိုထွန်းမြဦး၏ စူး စူးရဲရဲအကြည့် အရိုင်း ရိုင်းပျပျအဆဲတို့ ကြောင့် မတ်တတ်ထရပ်လိုက် သည် ။

"ကိုထွန်းမြဦး. . .ခင်ဗျား ကျုပ်ကိုဆဲတာလား"

"ဟုတ်တယ်၊ မင်းကိုဆဲတာ"

"ဟောဗျာ. . .ခင်ဗျားကို ကျုပ်ဘာလုပ်လို့ လဲ"

"လှသက်စောဆီက ရေအိုးငှား ရေချိုးပြီးပြန်အပေးမှာ မင်း မဟုတ်ဘူး လား၊ လက်ခေါက် မှုတ်တာ"

မင်းစုရွှာမှ လက်ခေါက်မှုတ်သူ ကာလသားသုံးယောက်မှာ တုတ်တုတ်မျှမလှုပ်ကြတော့ဘဲ ကိုထွန်းမြဦးနှင့် ကိုကျော်စံတို့ ဘက် စိုက်ကြည့်နေကြသည် ။

"ကြံကြီးစည်ရာဗျာ. . .ဒီမိန်းကလေးကိုလည်း ကျုပ် ဒီနေ့မှ မြင်ဖူးတာပါ၊ လှသက်စောတဲ့ လား၊ အေးဗျာ. . .ခင်ဗျားပြောမှ ပဲ နာမည်သိရတော့တယ်၊ ဒီလို သူများကို အနှောင့်အယှက်ပေးရတာ ကျုပ်မှာ ဝါသနာမပါပါဘူး ကိုထွန်းမြဦးရယ်၊ ခင်ဗျား ကျုပ်ကို မတရားမစွပ်စွဲပါနဲ့ ဗျာ. . .ငရဲကြီးပါ တယ်"

ကိုကျော်စံက သူ့ဝသီအတိုင်း အေးအေးလူလူပင် ပြောသည် ။

အမှန်မှာ ကိုထွန်းမြဦးသည် အပြင်ဘက် ကန်ပေါင်စောင်း စံပယ်ရုံနားမှာ မင်းစုရွှာက ကာလသားသုံးယောက်ကို ကနဦးက လုံးဝမမြင်မိသဖြင့် ကိုကျော်စံကို အတပ်လာစွဲနေခြင်း ဖြစ်သည် ။ မင်းစုရွှာက ကာလသားသုံးယောက်ရှိနေသော နေရာမှာ စံပယ်ချုံနှင့် တရုတ်စံကားပင်များကြားတွင် ဖြစ်သည် ။ ထို့ကြောင့် သူက ရုတ်တရက် မြင်မိပုံမရ။ ပြီး သူသည် ဒေါသဖြစ်နေသည့် အပြင် ရှက်ရှက်နှင့် ကန်ပေါင်ရိုးတစ်ဖက်မှ လျှောက်လာသူဖြစ်ရာ ကိုကျော်စံကိုသာ ဦးစွာမြင်ခြင်း ဖြစ်၏။

"ခင်ဗျားမဟုတ်ရင် ဘယ်သူလဲပြော"

မင်းစုရွှာမှ ကာလသားသုံးယောက်ကို ယခုမြင်ပြီးဖြစ်သဖြင့် သူက

ပို၍ အသံမာလာသည် ။ တရားခံတွေကို တွေ့ထားပြီမဟုတ်ပါလား။

"သြော် ဒီလူ့နှယ် ခက်လိုက်တာဗျာ၊ ရိုးရိုးသားသားပြောရရင် ကျုပ်ကလည်း ခင်ဗျားနဲ့ အဲဒီ မိန်းကလေး အဲ လှသက်စောအခြေအနေကို ကြည့်နေတာ အသံရှင်ကို ဘယ်လိုလုပ် တပ်အပ်ပြောနိုင် မှာ လဲ၊ ကျုပ်ထိုင်ငေးနေတာ ခင်ဗျားလည်း မြင်သားနဲ့ "

အမှန်က လက်ခေါက်မှုတ်၍ ကိုထွန်းမြဦးအား နောက်ပြောင်ကြသူတွေကို ကိုကျော်စံက မသိမဟုတ် သိသည် ။ ကိုကျော်စံ၏ နောက် ကန်ပေါင်စောင်းတွင် သူတို့ မင်းစုရွာ ကာလသား သုံးယောက်မှ လွဲ၍ မည်သူမျှမရှိပေ။ သို့သော် ရန်ဖြစ်နေကြမှာ စိုး၍ ကိုကျော်စံက မပြောခြင်းဖြစ် သည် ။

ကိုကျော်စံမှာ ရွာ၌ လူပျိုအုပ်တစ်ယောက်ဖြစ်သည် ။ မင်းစုရွာသည် ကိုကျော်စံ အုပ်ချုပ်ရ သော အစုထဲပါသဖြင့် ထိန်းသိမ်းတားမြစ်ရန် သူ့တွင် တာဝန်ရှိလေသည် ။ အမှန်မှာ လှသက်စော စိတ်နှင့် ကနဦးကပင် မင်းစုရွာက ညိုမောင်၊ လှကြီးနှင့် ကောက်ချေတို့ ကို မထိန်းမီ ဒီမှာ ပင် သူ့၌ ဝတ္တရားတစ်ခု ပျက်ကွက်ခဲ့ရပြီး လူပျိုအုပ်သည် ကာလသားခေါင်းကဲ့သို့ပင် မိမိမှာ က လူပျိုများကို ထိန်းသိမ်းရန် တာဝန်ရှိလေသည် မဟုတ်ပါလား။

"အေးဗျာ. . .ခင်ဗျားတော့ ကျုပ် အစကတည်းက မထင်တာ၊ ဟိုကောင်တွေပဲဖြစ်မှာ ပဲ"

"ဘယ်ကောင်တွေလဲကွ. . .ဘယ်သူ့ကိုပြောတာလဲ"

မင်းစုရွာမှ ကာလသားသုံးယောက်သည် ချက်ချင်း ပြိုင်တူထရပ်လိုက်ကြပြီး ကိုထွန်းမြဦး ဘက်သို့ စူးစူးရဲရဲ ကြည့်လိုက်ကြသည် ။

ပြိုင်တူထရပ်လိုက်ကြသော ကာလသားသုံးယောက်ထဲတွင် တစ်ယောက်မှာ ကောက်ချေ ဖြစ်သည် ။ ကောက်ချေညီမနှင့် ကိုထွန်းမြဦးတို့ မှာ ယခင်က ကျူးကျူးလွန်လွန် ဖြစ်ဖူးကြသည် ။ ကောက်ချေညီမတင်မေအောင်ကို ကိုထွန်းမြဦးသည် သူ့၏ ဗီဇစရိုက်အတိုင်း ပစ်ပယ်ရှောင်ရှားခဲ့ သည် ။ ဤသည် ကို ကောက်ချေသာမဟုတ် ကာလသားတိုင်းလိုလိုက သိကြလေသည် ။ မကျေမနပ် ဖြစ်နေကြလေသည် ။

"မင်းတို့ ကိုပြောတာကွ၊ မင်းတို့ မဟုတ်ဘူး လား၊ ငါ့ကိုနှောင့်ယှက်တာ"

"ဘာနှောင့်ယှက်တာလဲ"

"လက်ခေါက်မှုတ်ပြီး နောက်တာ၊ ပြောင်တာ၊ သရော်တာ"

"ဟဲ့ကောင် တို့ ဘာသာ လက်ခေါက်မကလို့ လေချွန်ချင်ရင်လည်း ချွန်မယ်ကွ၊ ဒါဘာဖြစ်လဲ"

တစ်ယောက်က မထီလေးစားဟန်နှင့်ဆိုသည် ။

"ဒီအချိန်ကျမှ မင်းတို့ လက်ခေါက်မှုတ်ရလားကွ၊ ဒါ ငါ့ကို သက်သက်စော်ကားတာ၊ အရှက် ခွဲတာမဟုတ်လား. . .တောက်. . ."

ကိုထွန်းမြဦးက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး တောက်ခေါက်လိုက်၏။

"ကဲ ဒီလောက်တောင်ဖြစ်လှတာ၊ ဟုတ်တယ်ကွ၊ မင်းလို နှမချင်းမအေချင်း စာနာစိတ်မရှိဘဲ မိန်းကလေးတကာတိုင်း လိုက်ဖျက်ဆီးနေတဲ့ အကောင်ကို အမြင်ကတ်လို့ လုပ်တာ၊ ကဲ မင်း တို့ ကို ဘာလုပ်ချင်လဲ"

"အို. . .ဗျာ ခင်ဗျားတို့ ကလည်း ကိုယ့်တစ်ရွာတည်းသားချင်းတွေပဲ၊ နောက်ကြ ပြောင်ကြ တာနဲ့ ရန်ဖြစ်ရတယ်ဆိုတာ မကောင်းပါဘူးဗျာ၊

ကိုထွန်းမြဦးကလည်း တော်ဗျာ၊ ခင်ဗျားတို့ က လည်း တော်ကြတော့"

မနေနိုင်သော ကိုကျော်စံမှာ ကြားဝင်ဖျန်ဖြေရလေသည် ။ ကိုကျော်စံမှာ ကာလသားခေါင်း မဟုတ်သော်လည်း သူတို့ ရွာ သူတို့ အစုတွင် လူပျိုအုပ်ဖြစ်သည် ။ ထို့ကြောင့် အများအားဖြင့် ရွာရှိ လူပျိုများက ကိုကျော်စံကို လေးစားကြသည် ။

"ခင်ဗျားပဲကြည့်လေ၊ ဒါ ကျုပ်ကို သက်သက်စော်ကားတာ၊ တစ်ရွာတည်းသားပေမဲ့ ဒီလို နှောက်တာ ကျုပ် သည်းခံရမလား၊ ကိုယ့်ရွာသူတွေဆို ကျုပ်မပြောဘူး၊ ခု လှသက်စောက မင်းစုကို ပြောင်းလာတာ ရက်ပိုင်းလောက်ပဲရှိသေးတယ်၊ ကျုပ်ကို ဟိုက ဘယ်လိုထင်သွားမလဲ"

ကိုထွန်းမြဦး ပြောသည် မှာ လည်း အမှန်ပင်ဖြစ်သည် ။

လှသက်စောမှာ ဇာတိ ဤမင်းတောင်ရွာသူ မဟုတ်။ အင်းမြစ်နားတံငါရွာကဖြစ်သည် ။ သူ့ အဖေအမေတို့ မှာ တံငါသည် တွေဖြစ်ကြ၏။ ပင်လယ်ထွက်ပြီး ငါးမန်းမှျားရင်း လှေပျက်၍ သူ့အဖေ ဆုံးပါးသွားသည် ။ ထိုအခါ အားကိုးရာမရှိသော သူတို့ သားအမိမှာ လှသက်စောအဖေ၏ အစ်ကို တစ်ယောက်ရှိသော ဤမင်းစုရွာသို့ ပြောင်းရွှေ့လာကြသည် ။ ဤသည် မှာ လည်း ရက်ပိုင်းလောက် သာရှိသေး၏။ ဤလိုမျက်နှာစိမ်း မိန်းကလေးရှေ့ သူ့ကိုနှောက်ရမလားဟု ကိုထွန်းမြဦးကလည်း အကြီးအကျယ် ဒေါသထွက်နေသည် ။

"ဘယ်လိုထင်သွားရမလဲ၊ နှမချင်း မအေချင်း မစာနာတတ်တဲ့ မင်းအကျင့်ကို ဟိုကသိသွား မှာ ပေါ့၊ လှသက်စောက တို့ အပိုင်းမှာ လာနေတာ၊ တို့ က စောင့်ရှောက်ဖို့ တာဝန်ရှိတယ်၊ တို့ ရွာသူ တွေကို မင်းစော်ကားတာ များ လှပြီ၊ အဲဒါကြောင့် ခုဟန့်တားတာ၊ မင်းကို သတိပေး. . ."

"ကဲ ပေးကွ. . .ပေးကွ သတိ"

"ပေးတယ်ကွ၊ ပေးတယ် ဟောဒီလိုလည်း ဆုံးမ. . ."

"ချကွ ချဟေ့၊ ဒီကောင့်ကို အစဖျောက်ပစ်မှ . . ."

"ဟေ့လူတွေ ကြည့်စမ်း. . .ကြည့်စမ်း လက်လွန်ခြေလွန် ဖြစ်ကုန်မယ်ဗျို ဟေ့၊ တော်ကြလေ ဗျာဟေ့"

ဒီမှာ တင် ရှန်းရင်းဆန်ခတ်ဖြစ်ကာ ကိုထွန်းမြဦးနှင့် မင်းစုရွာသားကာလသား သုံးယောက် တို့ ထိုးကြိတ် သတ်ပုတ်ကြလေသည် ။ ကြားက ကိုကျော်စံမှ ဟိုလူဆွဲရ ဒီလူတားရနှင့် ခလောက် သီးဖြစ်နေလေသည် ။ ရေခပ်ရန် ကန်ပေါင်ပေါ် ရောက်နေကြသော ရွာသူရွာသားတွေမှာ ဝိုင်းဆွဲကြ တားကြနှင့် အုတ်အော်သောင်းတင်းဖြစ်ကုန်ကြသည် ။

"ဟေ့. . .သူကြီးလာတယ်ကွ၊ သူကြီးမင်းလာနေတယ်"

ထိုသို့ ရုတ်ရုတ်သဲသဲဖြစ်နေကြချိန်မှာ တစ်ယောက်က အော်လိုက်သည် ။

သူကြီး လာသည် ဆိုသည် နှင့် ထိုးကြိတ်သတ်ပုတ်နေကြသော မင်းစုရွာ ကာလသား သုံးယောက်က ရှဲသွားကြသည် ။

ညနေချမ်း ကန်သို့ရေချိုးရန် လာကြသော သူကြီးမင်း ဦးထွန်းမြအောင်သည် ချက်ချင်း ကန်ပေါင်သို့ ပြေးတက်လာသည် ။ သူ့နောက်တွင် သူ့သမီး စိန်မြဝေကလည်း ရေအိုးတစ်လုံးကိုဆွဲ၍ ပါလာ၏။

ကိုကျော်စံသည် အပြင်ဘက် ကန်ပေါင်ရိုးစောင်းတွင် လဲကျနေသော ကိုထွန်းမြဦးကို ဆွဲထူ လိုက်၏။

"ဟေ့ ဘယ်လိုဖြစ်ကြတာလဲကွ"

သူကြီးမင်းက သူ့သားနှင့် မင်းစုရွာသား လူပျိုသုံးယောက်နား ချက်

ချင်းရောက် လာပြီး မေး၏။

"သူကြီးမင်းသားက ကျုပ်တို့ ကို သက်သက်ရန်စတာဗျ"

ဦးဆုံးဖြေကြားသူမှာ ကောက်ချေဖြစ်သည် ။ ကောက်ချေမှာ သူ့ညီမနှင့် ပတ်သက်၍ ကိုထွန်း မြဦးကိုသာမဟုတ် သူကြီးမင်းကိုပါ ကျေနပ်ပုံမရပေ။ သူ့စိတ်ထဲတွင် သူကြီးမင်းနှင့် ကိုထွန်းမြဦး အပေါ် မည်မျှမကျေမနပ် ဖြစ်နေသည် ကို သူ့မျက်နှာတွင် အတိုင်းသားပေါ်လွင်နေ၏။

ကောက်ချေကို မြင်သောအခါ သူကြီးမင်းမှာ မျက်နှာတစ်ချက် ပျက်သွားသည် ။

"ဘာရန်စတာလဲ၊ ငါက လှသက်စောဆီက ရေအိုးငှားပြီး ရေချိုးတာ ၊ မင်းတို့ ပဲ လက်ခေါက် မှုတ်ပြီး ငါ့ကို ရန်စပြီးတော့..."

"ရေအိုးငှား ရေချိုးရုံတင်လားကွ၊ လှသက်စောကို မင်း ပန်းတွေပေးတာကော"

"ငါ့ဘာသာငါ ပန်းမကလို့ ဘာပဲပေးပေး၊ မင်းတို့ နဲ့ ဘာဆိုင်..."

"ဟေ့ကောင် မင်းတော်စမ်း"

သူကြီးမင်းက သူ့သားအကျင့်ကို သိနေသဖြင့် ဟောက်လိုက်ပြန်၏။

သူ့သားသည် မိန်းကလေးများ နှင့် ပတ်သက်လာလျှင် စည်းမဲ့ကမ်းမဲ့နိုင်လွန်းသည် ကို သူကြီးမင်းသာမဟုတ်၊ ရွာရှိအကုန်သူတို့ က သိကြသည် ။

"ခွေးသား သွားစမ်း"

"ဩော်...ဦး"

သူကြီးမင်းသည် ကိုထွန်းမြဦးအား ခြေထောက်နှင့် တစ်ချက်လှမ်း

ကန်ပစ်လိုက်သည် ။ အမှန် က သူကြီးမင်းသည် စိတ်ကောင်းနှလုံးကောင်း ရှိသူဖြစ်သည် ။ မည်သူ့ကိုမဆို ဖော်ဖော်ရွေရွေနှင့် ဆက်ဆံတတ်၏။ မတရားသောအပြုအမူ အနိုင်ကျင့်မှုများကိုလည်း လုံးဝမလိုလားပေ။ ထို့ကြောင့် လည်း သူကြီးမင်း ဦးထွန်းမြအောင်ကို မင်းတောင်ရွာက လူများ သာမဟုတ် ရွာနီးနားချင်းရှိအားလုံး က ကြည်ညိုလေးစားခဲ့ကြသည် ။ ချစ်ခင်ရင်းနှီးခဲ့ကြသည် ။ ဦးထွန်းမြအောင်မှာ ၁၂ ရွာပိုင် သူကြီး ပီသ၍ တရားမျှတသူလည်း ဖြစ်သည် ။

သို့သော် သူ့သားကြီး ဩရသ ကိုထွန်းမြဦး လူပျိုပေါက်ဖြစ်စကပင် သူကြီးမှာ အကြည်ညို ပျက် အရှက်ရဖြစ်လာသည် ။ ဘယ်ရွာမှာ ရန်ဖြစ်ပြီး၊ သူကြီးသား ဘယ်ဖဲဝိုင်းမှာ ဓားထိုးမှုဖြစ်ပြီး၊ သူကြီးသား ဘယ်မိန်းကလေးနှင့် ပတ်သက်၍ သတ်ကြပုတ်ကြဖြစ်ပြီ။ သူကြီးသား ဘယ်ရွာ ဘယ်လူ့ဆီမှာ ငွေလိမ်သွားပြန်ပြီ။ သူကြီးသား ဘယ်လင်ရှိမယားကို မဟားတရားလုပ်ပြန်ပြီ။ သူကြီးသား ကိုထွန်းမြဦး ဆိုးသမျှတွေမှာ သူကြီးခေါင်းပေါ်ချည်း လာဆောင့်နေသည် ။ သားသမီး မကောင်း မိဘခေါင်းဆိုသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ယခုအခါ လူတွေမှာ သူကြီးကို မကြည်ညို မလေးစားကြတော့။ သူများ တကာကို ဆိုဆုံးမနေ၊ တရားဓမ္မပြနေ၊ မတရားမှုတွေကို ဖမ်းဆီးအရေးယူနေသော ၁၂ ရွာပိုင် သူကြီးမင်းသည် သူ့သားကို နိုင်အောင် မဆုံးမကောင်းရလားဟု အမျက်ပင်သိလာကြသည် ။

သူကြီးမင်းသည် သူ့သားအား အိမ်ကအခါခါ နှင်ချဖူးသည် ။ အကြိမ်မရေတွက်နိုင်လောက် အောင် ရိုက်နှက်ဆုံးမဖူးသည် ။ ကျွဲတွေ နွားတွေကို ရိုက်နှက်သကဲ့သို့ပင် ရိုက်နှက်ဆုံးမဖူးသည် ။ သားသမီးအရင်းအချာ တစ်ယောက်ကို ဤကဲ့သို့ ရက်ရက်စက်စက် ပြုမူရပါမည်လားဟု

သူကြီး ကတော်နှင့်ပင် အကြိမ်များ စွာ ရန်ဖြစ်ဖူးသည် ။ သို့သော် ကိုထွန်းမြဦးကိုကား ဘယ်လိုမှ ဆုံးမ၍ မရပေ။ ရိုက်ချိန်နှက်ချိန်ခဏသာ "အဖေရယ် မမိုက်တော့ပါဘူး၊ ကျွန်တော် နောင်တရပါပြီ၊ နောက် မလုပ်တော့ပါဘူး"ဟု အကြိမ်တစ်ရာ တစ်ထောင်မက ဝန်ခံဖူးသော်လည်း ခဏသာဖြစ်သည် ။ "ကျင့်ညစ်ဝါသနာ၊ ဝမ်းတွင်းပါကား၊ ဘယ်ခါမပျောက်၊ ခွေးမြီးကောက်ကို ကျည်တောက်စွပ်"ဟု ပမာတူသာတည်း။

အိမ်က နှင်ချထားသောအချိန်၌ ကိုထွန်းမြဦးသည် သူကြီးမင်း မြို့ကို ဆင်းသွားပြီဆိုလျှင် အိမ်ပေါ်သို့ ပေါက်ချလာတတ်သည် ။ သူ့အမေဆီ၌ ပိုက်ဆံတောင်းသည် ။ သူကြီးမင်း၏ လယ်ခွန်၊ ကိုင်းခွန်၊ ယာခွန်များကို ခိုးယူသွား၍ ဖဲရိုက်ပစ်သည် မှာ လည်း အကြိမ်ကြိမ်ပင်။ ဤသည် မှာ အမေ လုပ်သူ၏ အလိုလိုက်မှုကြောင့်လည်း ကိုထွန်းမြဦး ပို၍ ပျက်စီးလာသည် ဟု သူကြီးမင်းက ယူဆ သည် ။ သူကြီးမင်းမရှိလျှင် ကိုထွန်းမြဦးသည် အမေဆီက နားကပ်နှင့် နှမငယ်ဆီက ရွှေကြိုး စသည် တို့ ကိုပင် လု၍ ဖဲရိုက် ကြက်တိုက် လုပ်တတ်သည် ။ ဤသည် ကို ဇနီးနှင့် သမီးတို့ ကလည်း ဖုံးဖိထား ကြသည် ။ ဘယ်လိုမှ ဖုံးဖိမရမှ သူကြီးမင်းက သိရလေသည် ။

တောင်ခြေရွာမှ အရက်ပုန်းရောင်းသူ မောင်ထီ၏ မိန်းမ မေခိုင်နှင့် ရှုပ်ရှုပ်ယှက်ယှက်ဖြစ်ကြ စဉ်က သူကြီးမင်းသည် တောင်ခြေရွာကို လိုက်သွားပြီး သူ့သားအား သေနတ်နှင့်ပင် ပစ်ဖူးသည် ။ ထိုစဉ်ကလည်း ကံကောင်းသော ကိုထွန်းမြဦးသည် ပေါင်ကို ရှပ်မှန်ရုံသာမှန်ခဲ့ပြီး ရမ်းပြဲဘက်ကို ခြောက်လလောက် ထွက်ပြေးနေခဲ့သေးသည် ။

ကောက်ချေညီမ တင်မေအောင်နှင့် ဖြစ်ကြတုန်းက သူကြီးမင်းသည် မြို့ကို သွားယောင် ဆောင်ပြီး သူ့သား၏ အရိပ်အခြည်ကို အကဲခတ်သ

ည် ။ သူမရှိလျှင် အိမ်ကို လာပြီး ဗိုလ်ကျမြဲဖြစ် သော သူ့သားသည် သူမြို့ ကိုတကယ်သွားသည် အထင်နှင့် အိမ်တွင် လာ၍ ဗိုလ်ကျနေသည် ။

ညီမနှင့်အမေကို ထမင်းစူးခိုင်း၍ မီးဖိုချောင်တွင် အရက်ပုလင်း ထောင်ကာ စားတော်တည် နေသည် ။

သားအရင်းကို သေနတ်နှင့်လိုက်ပစ်သဖြင့် သေနတ်ပင်အသိမ်းခံ ထားရသော သူကြီးမင်း သည် သူ့သားကို နောက်ဖေးက အသာတက်၍ ငှက်ကြီးတောင်ဓားနှင့် အသေပိုင်းသည် ။ သို့သော် ကိုထွန်းမြဦးသည် အမြဲကံကောင်း၏။ ထိုစဉ်က လောကြီးသွားသော သူကြီးမင်း၏ ဓားဦး သည် အိမ် ခေါင်မိုးထုပ်တန်းနှင့်ထိပြီး ကိုထွန်းမြဦးကို လုံးဝမထိခိုက်မိ ဘဲ ထွက်ပြေးလွတ်မြောက်သွားသည် ။ သားအငြိုးနှင့် သူကြီးမင်းသည် မယားနှင့် သမီးတို့ ကို ရိုက်နှက်လိုက်သည် မှာ လည်း အရပ်ကူလူ ဝိုင်း ဆွဲထားကြရသည် ။

ဤသည် ကစ၍ ကိုထွန်းမြဦး ခြေငြိမ်သွားသည် မှာ ယနေ့အထိ ဖြစ် သည် ။ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက် အကျင့်က လုံးဝမပျောက် သော်လည်း အတော်တော့ ဆင်ဆင်ခြင်ခြင် ဖြစ်လာ သည် ။ နောင်တရ ၍ လူကောင်းသူကောင်းတစ်ယောက် ဖြစ်လာလိမ့်မည်ဟု အများကပင် ယူဆထား ကြသည် ။ အိမ်ကိုပြန်ခေါ်ပြီး ထိန်းထိန်းသိမ်းသိမ်းထားရန်၊ သူ့မြေး သူ့တူ လူကောင်းသူကောင်း ဖြစ်လာပါပြီဟု တစ်ဆွေလုံး တစ်မျိုးလုံးက ဦးထွန်းမြအောင်ကို ဝိုင်းဝန်းပြောကြားကြ၍ ကိုထွန်းမြ ဦးကို အိမ်၌ ခေါ်ထားရန် ဝိုင်းဝန်းတောင်းပန်ကြသည် ။ ထို့ကြောင့် ကို ထွန်းမြဦးသည် ယခု အိမ်သို့ ရောက်နေခြင်းဖြစ်သည် ။

ခက်သည် မှာ ကိုထွန်းမြဦးတို့ အမေဘက်မှ ဆွေမျိုးတွေမှာ မင်းကု န်းတစ်ရွာလုံးဖြစ်သည် ။ မင်းကုန်းရွာမှ ကိုထွန်းမြဦးတို့ နှင့် ဆွေမျိုးအ

ရင်းအချာ မတော်သူမရှိ။ မင်းကုန်းဆိုကတည်းက ကိုထွန်းမြဦးတို့ ဆွေမျိုးမဟုတ်လျှင် မင်းကုန်းမှာ အိမ်ခြေရာခြေစိုက်၍ သူစိမ်းလူ လာမနေရ ။ ယခင်ကပင် မင်းမျိုးမင်းနွယ်ဟူသော ဟိတ်ဟန်နှင့် သူတို့ ဆွေမျိုးတွေမှာ တသီးတခြား နေခဲ့သူတွေ ဖြစ်သည် ။

မင်းကုန်းမြေမှာ လည်း ကိုထွန်းမြဦးတို့ အဘိုးအဘွားပိုင်မြေ ဖြစ်သဖြင့် ဆွေမတော်မျိုးမစပ် သူ တစ်ယောက်ယောက်လာ၍ အိမ်ခြေရာခြေစိုက်မည်ကို မြေပိုင်ရှင်တွေက ခွင့်မပြုပေ။

သူတို့ မင်းကုန်းရွာကို သူစိမ်းတစ်ရံရွာ လုံးဝမထိရ။ မင်းကုန်းမှာ မင်းမျိုးမင်းနွယ် မဟုတ် လျှင် လက်မခံဟူသော အစွဲအလမ်းနှင့် နှစ်ပေါင်းများ စွာ တသီးတခြား နေလာခဲ့သူတွေဖြစ်သည် ။ ကိုထွန်းမြဦးအား သူ့အဖေကနှင်ချပြီး သတ်မည်ဖြတ်မည် ရှာပြီဆိုလျှင် တစ်ဆွေလုံး တစ်မျိုးလုံးက ဝှက်ကြ၊ ဖုံးကြ၊ တားကြ၊ ဆီးကြသည် ။ ကိုထွန်းမြဦးတို့ အဘွား သူကြီးဦးထွန်းမြအောင် ယောက္ခမ မှာ နန်းတွင်းသူဟူသော ဟိတ်ဟန်နှင့် မင်းကုန်းတစ်ရွာလုံးတွင် ဩဇာရှိသူဖြစ်သည် ။ သူ့သားကိစ္စ နှင့်ပတ်သက်၍ ဤယောက္ခမနှင့်လည်း ဦးထွန်းမြအောင်မှာ အကြိမ်ကြိမ် စကားများ ဖူးကြလေသည် ။

ဤအဘွားကြီးသည် သူ့မြေးဘက်က အမြဲအကာအကွယ်ပေးနေ၏။ ယခင်က ဦးထွန်းမြ အောင်သည် သူ့ယောက္ခမအိမ်၌ပင် နေ၏။ ဤသားကိစ္စနှင့် ပတ်သက်၍ ပင် သူ့ယောက္ခမအိမ်သို့ သူ တစ်ခေါက်မသွား။ သူ့ယောက္ခမကြီးကလည်း သူ့အိမ်သို့ တစ်ခေါက်မလာ။ သမီးနှင့်မြေးတွေကို တွေ့ချင်လျှင်လည်း လူလွှတ်၍ သာ ခေါ်တတ်၏။ ပြောစရာလျှင်လည်း လူလွှတ်၍ သာ ပြောတတ်၏။

သူ၏ လူယုံတော်မှာ ဝေပန်း၏ အဖေ ဦးပန်းသာလှဖြစ်သည် ။ ဦးပ

န်းသာလှ၏ အဘိုးအဘွား မှာ လည်း အဘွားကြီး၏ အစဉ်အဆက် အခိုင်းအစေတို့ ဖြစ်ကြသည် ။ ဘဏ္ဍာစိုးတွေဖြစ်ကြသည် ။ သူ့ အချင်းက နန်းရာတောင်ပေါ်မှာ မြှုပ်သည် ဟူသော အစွဲအလမ်းနှင့် အဘွားကြီးသည် အလွန်မာန ကြီးသူဖြစ်သည် ။ သူ့သား သူ့မြေးများ ပြုလုပ်သမျှ လူအားလုံးက နာခံရမည်။ မတရားသည် ဖြစ်စေ၊ တရားသည် ဖြစ်စေ တုံ့ပြန်ပုန်ကန်သူ မရှိစေရဟု ပင် အဘွားနှုတ်ထဲက အထင်ရောက်နေပုံ ပေါက် သည် ။

စစ်ကြီးဖြစ်နေချိန်တွင် သူတို့ သန္ဓေတည်ခဲ့သည် ဆိုသော ဤအဘွားကြီးတွင် ယခု အသက် ခုနစ်ဆယ်ကျော်ထိ စစ်သွေးစစ်မာန်တို့ က ရှိနေသေးသည် ။ ထို့ကြောင့် ဦးထွန်းမြအောင်က တစ်ခါ တစ်ခါ ယောက္ခမကြီးကို နာနာကြည်းကြည်း ပြောဆိုတတ်သည် ။ ကိုယ့်တိုင်းပြည်ကို သူများ ဝင်တိုက်လို့ ခွေးပြေးဝက်ပြေး ပြေးလာရချိန်မှာ မွေးလို့ သာပေါ့ဗျာ။ တကယ်လို့ နန်းထဲမြို့ထဲမှာ သာ လူလိုသူလိုမွေးရင် ဒီအဘွားကြီးမာနက အဂ္ဂနိဠ္ဌဗြဟ္မပြည်ထိ တံခွန်ကြီးထောင်နေမှာ ။ ခု ချင်းတွေ တောင်ယာလုပ်တဲ့ နေရာဟာ သူ့အချင်းမြှုပ်တဲ့ နန်းရာတောင်ပေါ့။ အဲဒါကြောင့် ချင်းအမျိုးသားတွေ ကပြောတယ်။ ဒီတောင်ယာမှာ ကြံစိုက်ရင် ဘယ်တော့မှ သုံးနှစ်မခံဘူးတဲ့ ။ ကြံသာ မဟုတ်ဘူး ၊ ဘယ်က သီးနှံတွေစိုက်စိုက် မထွန်းကားဘူးတဲ့ ။ ရွာနဲ့ နီးလို့ သာ စိုက်နေကြရတာတဲ့ ။ အဲဒါ ဒီအဘွား ကြီးရဲ့ အချင်းမြှုပ်ရာမို့ ခွေးပြေးဝက်ပြေး ပြေးလာကြရာက မဟုတ်ကဟုတ်က သစ်ခက် စလူဖက် တွေနဲ့ တဲဆောက်ပြီး မြို့နယ်နန်းရယ်လို့ အရူးထလုပ်ခဲ့ကြလို့ လားဟု ပြောတတ်လေသည် ။

ဤစကားကိုကြားလျှင် အဘွားကြီး ဆတ်ဆတ်ခါနာတတ်သည် ။

"သမီးပေးလို့ သမက်တော်ဖို့ ကောင်းတဲ့ ခွေးတိရစ္ဆာန် မဟုတ်ဘူး ၊ ခု သူကြီးဆိုပြီး အင်္ဂလိပ် ကျွန်သပေါက်လုပ်နေတယ်"ဟု တဖျစ်တောက်တောက် ဆဲဆိုတတ်သည် ။ အဖေဖြစ်သူကပင် နှစ်ကြိမ်သုံးကြိမ် အသေသတ်ရန် ကြံစည်ခြင်းခံရသော အဝဇာတသား ကိုထွန်းမြဦးသည် ယခုနောင်တရပြီး လိမ္မာ လာပြီဟု ပြောစမှတ်ပြုကြမည် လုပ်ခါစရှိသေးဟော. . .ယနေ့ မိန်းကလေး တစ်ယောက်ကိစ္စနှင့် ရန်ဖြစ်ကြပြန်ပြီ။

"အေးကွဲ့. . .ငါ့တူက သက်သက် ကြားထဲက ခံစားရတာ ဦးစိတ်မကောင်းပါဘူး"

ကိုထွန်းမြဦးနှင့် မင်းစုရွာ ကာလသား သုံးယောက်တို့ ထိုးကြကြိတ်ကြ သတ်ပုတ်ကြသည် အထဲ ဝင်ပြီးဖျန်ဖြေမိသော ကိုကျော်စံမှာ နဖူးတွင် ကွမ်းသီးလုံးခန့် ရောင်ကိုင်းနေသည် ကိုကြည့်၍ သူကြီးဦးထွန်းမြအောင်က ပြောလိုက်၏။

"ကိစ္စမရှိပါဘူး ဦးရယ်"

ထိုအချိန်မှာ မင်းစုရွာ ကာလသားများ နှင့် ကိုထွန်းမြဦးတို့ မှာ အလှိုလှိုထွက်သွားကြပြီး ဖြစ်လေသည် ။ ကန်ပေါင်ရိုးထပ် ဖောခိပင် အောက်တွင် ကိုကျော်စံ၊ သူကြီးမင်း၊ စိန်မြဝေနှင့် အခြား သုံးလေးယောက်သာ ရှိတော့သည် ။

"ဒီသားတစ်ကောင်နဲ့ ဦး အရှက်တကွဲ အကျိုးနည်းဖြစ်ရတာလည်းများ ခဲ့ပြီ၊ လူတွေကို လည်း ရှက်လှပြီ၊ ဒီကောင် သေရင်သေ မသေရင် ဦးသေမှ ၊ ဒီကောင်နဲ့ ဦးဟာ ဘယ်လိုကြမ္မာဆိုး ကြောင့် ဒီလိုသားအဖတွေအဖြစ် ဆုံစည်းလာရတယ်ဆိုတာ ဦးတော့ သံသရာကိုပဲ ကျိန်ဆဲချင်တော့ တာပဲ မောင်ကျော်စံရယ်၊ ဦး. . .ဒီကောင်ကို အသေသတ်ပြီးမှ စက်တိုင်တက်မယ်လို့ ကြံစည်ခဲ့တာ နှစ်ခါရှိပြီ၊ တစ်ခါမှ မအောင်မြင်ဦး၊

ခု တစ်ခါ နောင်တတရားရပြီး ကောင်းကောင်း မွန်မွန် ရိုးရိုး သားသား နေပြီလို့ ထင်ထားတာ၊ ဟော ခု. . .ဖြစ်ကြပြန်ပြီ၊ ဒီလိုကောင်မျိုး ဘာလို့ ဝင်ဆွဲရတာလဲ ကွယ်၊ ဟို. . .ကာလသားတွေ သတ်လို့ သေရင် ဦးတော့ မနှမြောဘူး၊ သတ်တဲ့ လူတွေကိုလည်း အဖမ်း အဆီးမခံရအောင် ဦးက တောင် အကာအကွယ်ပေးဦးမှာ ၊ ဒီလိုကောင်မျိုး လူ့ပြည်က စောစော စီးစီး ပျောက်သွားတာ လူသားတွေအတွက် မင်္ဂလာတစ်ပါးရယ်လို့ ပဲ ဦး ယူဆတယ်၊ ဒီကောင် အသက်ရှင် နေသေးသမျှ လူတွေကို တစ်နည်းမ ဟုတ်တစ်နည်း ဒုက္ခရောက်အောင် အကုသိုလ်တွေ ဖြန့်ဝေနေဦး မှာ ပဲ၊ ခုပဲကြည့်လေ မောင်ကျော်စံ ဒီကောင့်ဘက်က ခဏဝင်တားမိတာနဲ့ ဒု က္ခရောက်ရပြီ၊ ဒီကောင် နဲ့ အမြဲဆက်ဆံနေရတဲ့ အဖေတစ်ယောက်ဖြစ် တဲ့ ဦးအနေမှာ တော့ ဒီကောင်ကြောင့် ဘယ်လောက် ဒုက္ခတွေ ရောက်ခဲ့ ရတယ်ဆိုတာ မောင်ကျော်စံ အသိပဲ၊ အသေဝနာစ ဗလာနံ့ဆိုတဲ့ မင်္ ဂလာတရား တော်အရ နောက်ဆို ဒီကောင်မျိုးဘက်က ဘယ်တော့မှ မ ကာကွယ်နဲ့ ၊ ဝေးဝေးကရှောင်၊ ဒီကောင်နဲ့ တစ်မိနစ်နေရရင် ကိုယ်က တစ်မိနစ်ဒုက္ခရောက်မယ်၊ တစ်ရက်နေရရင် တစ်ရက်ဒုက္ခရောက်မယ်၊ တစ်သက်လုံးသာ ဆိုရင်တော့ ပြောဖွယ်ရာမရှိတော့ဘူး၊ ဦးကလည်း လူသားတစ်ယောက်ပါ၊ ကိုယ့် သားသမီးပဲ သိပ်ချစ်တာပေါ့၊ ဒါပေမဲ့ ဘု ရိဒတ်ဇာတ်တော်ထဲက သောမဒတ္တနဲ့ နေသာဓပုဏ္ဏားလို့ ပေါ့၊ မကောင်း ရင်တော့ သားအဖပေမဲ့ တစ်နေ့လမ်းခွဲကြရတယ် မဟုတ်လား၊ ဘူရိဒ တ်ဇာတ်တော် ထဲမှာ တော့ အဖေဖြစ်တဲ့ နေသာဓပုဏ္ဏားကို သားသောမ ဒတ္တက စွန့်ပစ်တယ်၊ ခု. . .ဦးမှာ တော့ သားကို အဖေက စွန့်ပစ်ရမယ့် ကိန်း ဆိုက်နေပြီကွဲ့"

သူကြီးမင်းသည် ထုံးစံအတိုင်း သူ့သားကိုသာ အပြစ်ဖို့ ၍ ညည်းညူ လိုက်သည် ။

သူ့အစ်ကိုဘက်က ဝင်ပြောလာသော ကိုကျော်စံကို စိန်မြဝေက ကျေးဇူးတင်သောအကြည့်နှင့် ရွှန်းရွှန်းဝေအောင် ကြည့်ပစ်လိုက်၏။

"ဦးတော့ မောင်ကျော်စံပြောလို့ သာ ယုံရတယ်၊ သူများ သာပြောရင်တော့ ယုံဖို့ ခဲယဉ်းလိမ့် မယ်၊ ဒီကောင်က တစ်ခါမှ လူတွေကို ကောင်းကျိုးပေးတဲ့ အကောင် မဟုတ်တာ"

"ကဲ . . .မိုးချုပ်နေပြီ၊ ဦး. . .ရေချိုးပါဦး"

ကိုကျော်စံသည် သူ့ဆိုင်းထမ်းထဲမှ ရေအိုးနှစ်လုံးကိုဆွဲ၍ ကန်ထဲဆင်း ရေခပ်ကာ ဦးထွန်းမြ အောင် ရေချိုးရန် အပြင်ကန်ပေါင်ခြေရင်း၌ ချထားပေးလိုက်၏။ မင်းတောင်ရွာမှ ကာလသား ကာလသမီးများ သည် ဤကဲ့သို့ပင် လူကြီးများကို ရေကန်၌ တွေ့ပါက ရေခပ်ပေးလေ့ရှိကြသည် ။ မိန်းကလေးများက အဘွားအိုများကို ရေခပ်ပေးတတ်ကြသလို ယောကျ်ားကာလသားများက အဘိုး အိုများကို ရေခပ်ပေးလေ့ရှိကြ၏။ ဘုန်းတော်ကြီးကျောင်းမှ သာမဏေများ နှင့် ဦးပဥ္စင်းများကိုမူ လူပျို အပျိုတိုင်းက ခပ်ပေးကြရသည် ။ ဤသည် မှာ သူတို့ မင်းတောင်နယ်၌ ရိုးရာယဉ်ကျေးမှုတစ်ခု ဖြစ်လေသည် ။

"အေးကွယ်. . .သာဓု. . .သာဓု. . .ဦးသား ငထွန်းမြသာ မင်းတို့လို လိမ္မာရင် တကယ်ပြော တာပါ၊ ဦးဟာ ဘုရားစင်တောင်တင်ပြီး ကိုးကွယ်ထားမှာ ပါ၊ သားသမီးတွေထဲမှာ လည်း အဝဇာတ သား၊ အနုဇာတသား ၊ အဖေကိုသတ်မယ့် အဇာတသတ်တို့လို သားမျိုးတွေ ရှိတာကွဲ့၊ ဒီလို သားဆိုး သားယုတ်တွေနဲ့ ဘဝဆက်တိုင်း ဆက်တိုင်း မတွေ့ရလို မကြုံရလို၏ ဘုရားလို့ ဦးတော့ ဆုတောင်း ပါတယ်"

အဘိုးကြီးသည် သူ့သားဆိုး သားယုတ်အကြောင်း ကိုကျော်စံအား ထိုနေ့ညနေက အပြန် လမ်းတစ်လျှောက်လုံး ပြော လာလေသည် ။ အ

ဘိုးကြီး၏ စကားကို နားထောင်၍ ရေထမ်းနှင့် နောက်က လိုက်လာရသူ ကိုကျော်စံမှာ အဘိုးကြီးကို သနားကရုဏာပင် သက်မိလေသည်။

***